# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက မလိုအပ်သည့်အသုံးစရိတ်များ မသုံးစွဲမိစေရေး စိစစ်ရန်လို

## ရငွေတိုးမြှင့်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများ နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက်ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာ မျိုးသိန်းကျော်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်


စာမျက်နှာ ၃ ကော်လံ ၁ ➔




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဖွဲ့စည်း — ပြည်တွင်းသတင်း — စာ ၄

မိုင်ပေါင်း ၄၀၀၀ ကျော်ခရီး — ဆောင်းပါး — စာ ၆

နွဲ့စို့တူပျော် အမျိုးသားအားကစားပွဲတော် — ဆောင်းပါး — စာ ၁၆





# မီးခိုးမြူငွေ့အန္တရာယ် ပြည်သူအားလုံး ပူးပေါင်းကာကွယ်

ကမ္ဘာ့လူသားအားလုံး၏ ၉၂ ရာခိုင်နှုန်းခန့်သည် သန့်ရှင်းသောလေကို ရှူခွင့်မရကြဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (ယူအင်န်အီးပီ)က ဆိုသည်။ ညစ်ညမ်းသောလေကို ရှူရှိုက်နေကြရခြင်းကြောင့် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် လူခုနစ်သန်းခန့် အချိန်မတိုင်မီ သေဆုံးနေကြရာ အသက်ငါးနှစ်အောက် ကလေးများသေဆုံးမှုက ပိုမိုများပြားသည်။ မိုးအကုန် ပွင့်လင်းရာသီသို့ ရောက်သည့်အခါတိုင်း တောမီးလောင်ခြင်း၊ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်းတို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များဖြစ်ပေါ်လေ့ရှိရာ ဒေသခံပြည်သူများအပေါ် ကျန်းမာရေးအန္တရာယ်များ ကျရောက်စေခြင်းကြောင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများ ကြိုးပမ်းဆောင်ရွက်နေကြရသည်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူများ (Transboundary Smoke) သည် တောင်ယာမီးရှို့ခြင်း၊ တောမီးရှို့ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ မီးခိုးမြူငွေ့တွင် အလွန်သေးငယ်သည့် အမှုန်အမွှား Particul ate Matter (PM 2.5 နှင့် PM 10)၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ ဆာလ်ဖာဒိုင်အောက်ဆိုဒ်၊ အိုဇုန်း၊ ရေငွေ့နှင့် အခြားအဆိပ်အတောက်ဓာတ်ငွေ့များ ရောနှောပါဝင်နေသည်။ လေထုထဲတွင် မီးခိုးမြူငွေ့များနှင့် ပြာမှုန်များ ဖုံးလွှမ်းကျဆင်းမှု အချိန်ကြာမြင့်စွာဖြစ်ပေါ်နေပါက မျက်စိစပ်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်ခြင်းတို့အပါအဝင် ကျန်းမာရေးဆိုင်ရာပြဿနာများ ဆိုးဆိုးရွားရွား ဖြစ်ပွားစေနိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေထုအရည်အသွေး အညွှန်းကိန်းသတ်မှတ်ချက်အရ Air Quality index ၀ မှ ၅၀ အထိ ကောင်းမွန်သည့်အဆင့်၊ ၅၁ မှ ၁၀၀ အထိ လက်ခံနိုင်သည့်အဆင့် (အဝါရောင်)၊ ၁၀၁ မှ ၁၅၀ အထိ ကိုယ်ခံအားနည်းသူများ၊ အဆုတ်ရောင်ရောဂါရှိသူများ၊ ကလေးနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နိုင်သည့်အဆင့် (လိမ္မော်ရောင်)၊ ၁၅၁ မှ ၂၀၀ အထိ လူတိုင်းထိခိုက်နိုင်သည့်အဆင့် (အနီရောင်)၊ ၂၀၁ မှ ၃၀၀ အထိ အလွန်ဆိုးရွားသည့်အဆင့် (ခရမ်းရောင်) နှင့် ၃၀၁ မှ ၅၀၀ အထိ ဘေးအန္တရာယ်ကျရောက်သည့်အဆင့် (နီညိုရောင်)ဟူ၍ အရောင်များဖြင့် အဆင့်ဆင့် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution) ကို ၂၀၀၃ ခုနှစ် မတ် ၅ ရက်တွင် သဘောတူလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရာ တောမီးလောင်ခြင်းနှင့် အခြားအကြောင်းကြောင်းသောမီးတို့ကြောင့် ထွက်ပေါ်လာသော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာများကို ထိန်းချုပ်လျှော့ချရန် တာဝန်ရှိသည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မြူကင်းစင်သော ကောင်းကင် (Clear Sky Strategy) မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက် ထုတ်ပြန်ကြေညာခြင်းအခမ်းအနားတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်သွားရမည်ဖြစ်ရာ တောမီးလောင်မှုထိန်းချုပ်ရေးနှင့် မီးငြိမ်းသတ်ရေးစနစ်၊ စောင့်ကြည့်ရေးစနစ်၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုစနစ်၊ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာ ဥပဒေများ၊ သက်ဆိုင်ရာပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဟု သိရသည်။

ပွင့်လင်းရာသီကာလ ခြောက်သွေ့လာသည်နှင့်အမျှ တောမီးလောင်ကျွမ်းမှုများ မဖြစ်ပေါ်စေရေး၊ တောင်ယာမီးရှို့မှု၊ လယ်ယာသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့မှု၊ လဟာပြင်တွင် မီးရှို့မှုများ မပြုလုပ်ကြရန် ပညာပေးနှိုးဆော်မှုများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပညာပေးမှုများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများက မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိရာ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးတွင် ပြည်သူတစ်ဦးချင်းစီက အသိတရားဖြင့် ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှစပြီး၊ 'ဝ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး) ၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှ (၈:၀၀) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက်(၈:၀၀)နာရီမှ(၁၀:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက်(၁၁:၀၀)နာရီ အထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် (၁၁:၀၀)နာရီ မှ မွန်းတည့် (၁၂:၀၀) နာရီ အထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀)နာရီ အထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီမှ ညနေ(၁၄:၀၀) နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ (၁၄:၀၀) နာရီမှ ညနေ(၁၅:၀၀)နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ညနေ(၁၅:၀၀)နာရီမှ ည (၁၇:၀၀)နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ည(၁၇:၀၀) နာရီမှ (၁၉:၀၀)နာရီ အထိ ရခိုင်ဘာသာအစီအစဉ်၊ ၊ ည(၁၉:၀၀)နာရီမှ (၂၁:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည(၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ “ ဝ ” ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။ **သတင်းစဉ်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - စိုးစိုးနိုင် | **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းမှူး** | - မြင့်စိုး | **အကြီးတန်း** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

○ ရှေ့ဖုံးမှ

ဒေါက်တာ ခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ (ယာပုံ)

**အမှာစကားပြောကြား**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေများကို ခွင့်ပြုနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့နှင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်တောင်းခံငွေများကို အဆင့်ဆင့်စိစစ်ခဲ့ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီက နောက်ဆုံးစိစစ်ပြီးသည့်အပေါ်တွင် ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ အလားတူ မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များကိုလည်း ခွင့်ပြုရမည်ဖြစ်ကြောင်း။




ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း မလိုအပ်သည့် အသုံးစရိတ်များ မသုံးစွဲမိစေရေး စိစစ်ရန်လိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက မူလခန့်မှန်းခြေရငွေပိုင်းတွင် ငွေကျပ် ဘီလီယံပေါင်း ၃၁၀၀၀ ကျော်ဖြစ်ကြောင်း၊ သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၃၉၀၀၀ ကျော် ဖြစ်ကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေကို ကြည့်မည်ဆိုပါက ရငွေပိုင်းတွင် ငွေကျပ်ဘီလီယံပေါင်း ၃၅၀၀၀ ကျော် ဖြစ်ပြီး သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၄၁၀၀၀ ကျော်ဖြစ်ကြောင်း၊ ယခုတွက်ချက်ပြီးသည့် GDP မှာ ငွေကျပ်ဘီလီယံ ၁၅၅၅၄၃ ဒသမ ၅၃၄ ဖြစ်သည့်အတွက် မူလခန့် မှန်းခြေတွင် လိုငွေ၏ GDP အချိုးအရ ၅ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေ၏ GDP နှင့် လိုငွေအချိုးမှာ ၃ ဒသမ ၉၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

**ဝင်ငွေပိုမိုရရှိအောင်ဆောင်ရွက်**

ရငွေပိုင်းကို ကြည့်မည်ဆိုပါက ပြုပြင်ပြီး ခန့်မှန်းခြေ၏ ရငွေပိုင်းတွင် ငွေကျပ် ဘီလီယံပေါင်း ၄၀၇၀ ဒသမ ၃၆၄ ဘီလီယံ တိုးမြှင့်ရရှိနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း၊ ရငွေတိုးမြှင့်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများမှလည်း နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက် ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုံးငွေပိုင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှစ၍ နောက်ဆုံးဖြည့်စွက်ရန်ပုံငွေတောင်းသည့် နိုဝင်ဘာလအထိ ၈ လ ဖြစ်ပြီး ၄ လ ကျန်ရှိသေးကြောင်း၊ အဆိုပါ ၈ လနှင့် ၄ လ တွင် အသုံးစရိတ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး ၄ လ ခန့်ကို နှိုင်းယှဉ်ကြည့်ရာတွင် မူလခန့်မှန်းခြေတွင် ၈ လအတွင်း သုံးစွဲငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၃၉၀၀၀ ကျော်ဖြစ်ပြီး ကျန်ရှိသည့် ၄ လ ကာလအတွင်း သုံးရန်လျာထားသည့် သုံးငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၄၁၀၀၀ ကျော်ဖြစ်သည်ကို တွေ့ရကြောင်း၊ ယခင်နှစ်တွင် ဝန်ကြီးဌာနများက မသုံးနိုင်သည့် ပိုလျှံငွေများ ပြန်လည်အပ်နှံသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် ၄ လနှင့် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများပြီးစီးအောင် သုံးစွဲရမည့် အသုံးစရိတ်နှင့် လုပ်ငန်းပြီးစီးမှုအပေါ် စိစစ်ဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ ထိုသို့စိစစ်ရာမှ အသုံးစရိတ်များ ထပ်မံလျှော့ချနိုင်မည်ဖြစ်ပြီး ရရှိလာသည့်ပိုလျှံငွေများကို ရာဂီမုန်တိုင်း နောက်ဆက်တွဲလုပ်ငန်းများတွင် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် သတ်မှတ်ထားသည့် မတ်လ ၁၅ ရက်မတိုင်မီ ပြီးစီးအောင် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ၏ စိစစ်ပြီးအခြေအနေအပေါ် ရငွေနှင့် အသုံးစရိတ်များ တိုးမြှင့်လိုခြင်း၊ စိစစ်လျှော့ချလိုခြင်းများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်းပြောကြားသည်။

**တာဝန်ရှိသူများရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအား စိစစ်ဆောင်ရွက်ခဲ့မှုနှင့် ဦးစားပေးလုပ်ငန်းများအတွက် အသုံးစရိတ်များ တိုးမြှင့်ခွင့်ပြုပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား စိစစ်ပြီးစီးမှုအခြေအနေ၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အခြေအနေနှင့် နိုင်ငံပိုင်နိုင်ငံခြားငွေရငွေနှင့် သုံးငွေမူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအခြေအနေတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ စိစစ်ပြီးစီးမှုနှင့် ဖြည့်စွက်ခွင့်ပြုသည့် အသုံးစရိတ်များကိုလည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်းသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

“ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲအသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်ဖြစ် ”

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၈၈ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း**

သတင်းမီဒီယာ ဥပဒေပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါက်တာတင်ထွန်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဇော် | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ဦးခင်မောင်ကျော်ဒင် | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဦးတင်ကိုကို | ဘဏ္ဍာရေးမှူး |
| (၅) | ဦးစိန်တိုး (ဆန်းလင်း) | စာရင်းစစ် |
| (၆) | ဒေါက်တာဇော်သန်း | ကောင်စီဝင် |
| (၇) | ပါမောက္ခဒေါက်တာ မြသိန်းဟန် | ကောင်စီဝင် |
| (၈) | ဒေါက်တာခင်မောင်လွင် | ကောင်စီဝင် |
| (၉) | ဒေါက်တာတင်အောင်ခိုင် | ကောင်စီဝင် |
| (၁၀) | ဦးအောင်ကြည် (အောင်ကြည်ညွန့် - တက္ကသိုလ်) | ကောင်စီဝင် |
| (၁၁) | ဦးမြင့်သိန်း (မောင်မောင်မြင့်သိန်း) | ကောင်စီဝင် |
| (၁၂) | ဦးကြည်ညွန့် | ကောင်စီဝင် |
| (၁၃) | ဒေါက်တာစန်းဦး | ကောင်စီဝင် |
| (၁၄) | ဦးမြတ်စိုး (မြတ်စိုး - လှိုင်) | ကောင်စီဝင် |
| (၁၅) | ဦးသိုက်ထွန်း | ကောင်စီဝင် |
| (၁၆) | ဦးဥက္ကာအေး | ကောင်စီဝင် |
| (၁၇) | ဦးဝင်းနိုင် (မင်းဆက်ပိုင်) | ကောင်စီဝင် |
| (၁၈) | ဦးစန်းလွင် | ကောင်စီဝင် |
| (၁၉) | ဦးပြည်စိုးဟန် | ကောင်စီဝင် |
| (၂၀) | ဦးတင်ဝင်း (တင်ဝင်းလေး - ကြည့်မြင်တိုင်) | ကောင်စီဝင် |
| (၂၁) | ဒေါ်နီလာမျိုးဦး | ကောင်စီဝင် |
| (၂၂) | ဒေါ်နှင်းအေးခိုင် | ကောင်စီဝင် |
| (၂၃) | ဦးအေးချမ်း | အတွင်းရေးမှူး |
| (၂၄) | ဦးလှထွဋ်ဦး (ကာတွန်းလှထွဋ်) | တွဲဖက်အတွင်းရေးမှူး (၁) |
| (၂၅) | ဦးရဲမင်းစိုး (မောင်မောက်ဝတ်လုံ) | တွဲဖက်အတွင်းရေးမှူး (၂) |

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager - Ms. Maria Izaskun Gaviria Ayucar ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria – Global Fund) မှ Senior Fund Portfolio Manager– Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Global Fund က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ၎င်း၏ခန့်အပ်လွှာပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme – WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Michael John Dunford သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် WFP က မြန်မာနိုင်ငံတွင် လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စများနှင့်ပတ်သက်၍ WFP မှ မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# (၃၅) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

**(၃၅) နှစ်မြောက်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အရပ်ဘက် ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ်၊ ဩဂုတ် ၁၅ ရက်တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီး ကမ္ဘာ့ကလေးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးများအားလုံး အကျိုးဝင်စေရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု၊ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးသူငယ်များ အခွင့်အရေးမြှင့်တင်မှုတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာဂီမုန်တိုင်းကြောင့် ထိခိုက်ခံစားရသော ကလေးငယ်များအတွက် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုအဖွဲ့များ စေလွှတ်ပြီး Early Childhood Care and Development – ECCD Kit များ ဝေငှခြင်းနှင့် ကလေးများ ပျော်ရွှင်စရာနေရာများကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ “Listen to the Future” “အနာဂတ်သာယာကောင်းမွန်ရေး ကလေးများအသံနားထောင်ပေး” ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ ကလေးသူငယ်များ၏ အသံနှင့် လိုအပ်ချက်များကို ဦးစားပေးခြင်းအားဖြင့် ကလေးသူငယ် အခွင့်အရေးများအား ကလေးများအားလုံးရရှိခံစားနိုင်ရန်၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ တန်းတူညီမျှပါဝင်ဆောင်ရွက်နိုင်ရန်၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကလေးများအားလုံး တန်းတူညီမျှရရှိနိုင်ရန်ကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကလေးမိဘများ၊ ပြည်သူလူထုတစ်ရပ်လုံး သက်ဆိုင်ရာကဏ္ဍအသီးသီးမှ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်များ အခွင့်အရေးအကောင်အထည်ဖော် ဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကိုပြသသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ နေပြည်တော် ကလေးပြုစုရေးဌာနမှ ကလေးများ၏ ဗာရာဏသီအက၊ နေပြည်တော်တွင် ယာယီဖွင့်လှစ်ထားသော လူငယ်သင်တန်းကျောင်းမှ ကျောင်းသားလေးများ၏ တောင်ယာဝင်ချိန်အက၊ နားမကြားသော ကလေးများကျောင်း (မန္တလေး) မှ ကျောင်းသား ကျောင်းသူများ၏ လွိုင်ကထုံအက၊ ရန်ကုန်အမျိုးသမီးကလေးများကျောင်း (မလိခ) နှင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတို့မှ တူနှစ်သွယ် နှစ်ပါးသွားအကတို့ဖြင့် သရုပ်ဖော်တင်ဆက်ကပြကြရာ ပြည်ထောင်စုဝန်ကြီးက ကလေးများကို ဂုဏ်ပြုလက်ဆောင်နှင့် ဆုတော်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်မည့် အဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့



မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေး စခန်းသို့သွားရောက်ပြီး ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရန် ရောက်ရှိလာကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများကို တွေ့ဆုံ၍ တည်းခိုနေထိုင်နိုင်ရန် နေရာချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် အိပ်ရာခင်းကျင်းထားမှု အခြေအနေများ၊ ကြီးကြပ်သူများကို နေရာချထားမည့် အခန်းများ၊ စားရိပ်သာများနှင့် သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တည်းခိုနေထိုင်မည့် သူများအတွက် သောက်ရေနှင့် သုံးရေများကို အလုံအလောက်ထားရှိရန်နှင့် သန့်ရှင်းမှုနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အလိုက် ကြပ်မတ်ဆောင်ရွက်ရန်၊ စားရိပ်သာများကို သန့်ရှင်းသပ်ရပ်မှုရှိအောင် ပြင်ဆင်ခင်းကျင်းထားရှိနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊ အစားအစာများ ချက်ပြုတ်ခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းတို့တွင် သန့်ရှင်းမှုရှိစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ တည်းခိုနေထိုင်နိုင်ရန် တိုင်းဒေသကြီး ပြည်နယ်အလိုက် နေရာချထားမည့် အဆောင်များ၊ အိပ်ရာသုံးပစ္စည်းများ ထိန်းသိမ်းထားမှု အခြေအနေများနှင့် ဆပ်ကော်မတီ ရုံးခန်းဖွင့်လှစ်မည့် အခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအသိအမှတ်ပြုလက်မှတ် ချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၀**

အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ (Authorized Economic Operators–AEO) ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် နံနက် ၉ နာရီတွင် ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ်နှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မောင်ဦးတို့က အမှာစကား ပြောကြားခဲ့သည်။ အခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များစုစုပေါင်း ၁၃၇ ဦး တက်ရောက်သည်။ အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ AEO ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော Importer ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Technology Industry Co.,Ltd .ကို စည်းကမ်းလိုက်နာမှုအတွက် AEO (Level–1) အဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# မိုင်ပေါင်း ၄၀၀၀ ကျော်ခရီး

**ထက်မြတ်**

**“ စာအုပ်ပေါင်း တစ်သောင်းဖတ်ခြင်းထက် ခရီးမိုင်တစ်သောင်းသွားခြင်းက ပို၍အမြင်ကျယ်၏”** ဆိုတဲ့ တရုတ်ဆိုရိုးစကားရှိပါတယ်။ ခရီးသွားခြင်းဟာ ကောင်းကျိုးများစွာရှိပြီး ပျော်ရွှင်စရာကောင်းသော်လည်း ပင်ပန်းသည်ကတော့ အမှန်ပင်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်ပခရီးစဉ်ခြောက်ရက်တာအတွင်း မိုင်ပေါင်း ၄၀၀၀ ကျော်သွားခဲ့ရတဲ့ ခရီးတစ်ခုဖြစ်ပြီး နေပြည်တော် - ကူမင်း အသွားအပြန်ခရီးမှာ မိုင် ၁၀၀၀ ကျော်ရှိတဲ့အတွက် တရုတ်နိုင်ငံအတွင်း မိုင်ပေါင်း ၃၀၀၀ ကျော် မနားတမ်းခရီးနှင်ခဲ့ရခြင်းဖြစ်ပါတယ်။ အစည်းအဝေးများတက်ရောက်ခြင်း၊ အခမ်းအနားများတက်ရောက်ခြင်းနှင့် လှည့်လည်ကြည့်ရှုခြင်းများအပါအဝင် မိုင်ပေါင်း ၃၀၀၀ ကျော်ခရီးမှာ တစ်ရက်ပျမ်းမျှ မိုင် ၅၀၀ ကျော် သွားလာခဲ့ခြင်းဖြစ်တဲ့အတွက် သာမန်လူငယ်များအတွက်ပင် ခက်ခဲသောခရီးရှည်ဖြစ်၍ ပင်ပန်းလွန်းလှမည်မှာ အသေအချာဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အားလပ်ချိန်အလွန်နည်းပါးခဲ့သော်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းတဲ့ခရီးစဉ်ဖြစ်သဖြင့် ပင်ပန်းရကျိုးနပ်သည်ဟုဆိုရမှာ ဖြစ်ပါတယ်။

လူဆိုတာ အတ္တနဲ့ကင်းတဲ့သူကတော့ ခပ်ရှားရှားခင်ဗျ။ တချို့ကျတော့လည်း ကိုယ့်အတ္တ ကိုယ်ပဲ ရှေ့တန်းတင်လွန်းပြီး တခြားသူတွေအတွက် မစဉ်းစားနိုင်တော့ဘူး မဟုတ်လား။ နိုင်ငံတော်အတွက်ဆိုရင်တော့ ဝေလာဝေးပေါ့။ ဒါကြောင့်လည်း ပရဟိတဆိုတဲ့ အများကောင်းကျိုးရွက်သယ်ပိုးခြင်းက အင်မတန်မှ လေးစားဂုဏ်ယူထိုက်တဲ့ အလုပ်တစ်ခုလို့ ရှေးလူကြီးသူမတွေက ဆိုဆုံးမခဲ့ကြတာပါ။

## ပြည်သူပြည်သားအပေါင်းတို့အတွက်

ပရဟိတဆိုတဲ့ အများကောင်းကျိုးရွက်သယ်ပိုးသူတွေထဲမှာ နိုင်ငံတော်ကို အုပ်ချုပ်နေရတဲ့ သူတွေလည်းမပါမဖြစ်ပါဝင်တယ်ခင်ဗျ။ နိုင်ငံတော်ကိုအုပ်ချုပ်နေရသူတွေရဲ့ လုပ်ဆောင်မှုအကြောင်းတိုင်းဟာ နိုင်ငံမှာမှီတင်းနေထိုင်နေကြတဲ့ ပြည်သူပြည်သားအပေါင်းတို့အတွက် အကျိုးဆိုတဲ့ရလဒ်ကို ရရှိစေပါတယ်။ ဒီအတွက်ကြောင့်လည်း နိုင်ငံတော်အပေါ်စေတနာမှန်တဲ့ နိုင်ငံတော်အကြီးအကဲများဟာ ကုသိုလ်ရဲ့အကျိုးကိုရရှိကြတာမဟုတ်ပါလား ခင်ဗျာ။

ကျွန်တော်တို့ လက်ရှိအချိန်မှာဆိုရင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လိုပုဂ္ဂိုလ်မျိုးကို နိုင်ငံတော်အကြီးအကဲအဖြစ် ရရှိထားတာဟာ ပြည်သူတွေအတွက်တော့ တော်တော်လေးကို အကျိုးများတယ်လို့ ပြောလို့ ရတယ်ခင်ဗျ။ အနီးစပ်ဆုံးဥပမာပေးရရင် မကြာသေးခင်ကမှ တရုတ်အစိုးရရဲ့ဖိတ်ကြားချက်အရ သွားရောက်ခဲ့တဲ့ ခရီးစဉ်ကို လက်ညှိုးထိုးပြရပါလိမ့်မယ်။

အဲဒီခရီးစဉ်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ သူ့အတွက် ကိုယ်ပိုင်အချိန် အလွန်နည်းပါးပြီး နိုင်ငံတော်အကျိုးအတွက် ရလဒ်ထွက်ပေါ်စေမယ့် ဆွေးနွေးမှုများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ သူ့အတွက် ကိုယ်ပိုင်အချိန် ဘယ်လောက်အထိ နည်းပါးတယ်ဆိုတာ မပြောခင် သူ့ရဲ့ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် နိုင်ငံတော်အတွက် ဘယ်လို အကျိုးရလဒ်တွေ ထွက်ပေါ်ရရှိခဲ့တယ်ဆိုတာ ဦးစွာပြောချင်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်အကြီးအကဲအဖြစ် သတ်မှတ်၍ ကော်ဇောနီခင်းပြီး ကူမင်းလေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။



## နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး

နိုင်ငံတော်အကြီးအကဲဟာ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တာပါ။ တချို့တွေက ပြောကြတာတွေလည်း ရှိတယ် ခင်ဗျ။ ပြောကြတယ်ဆိုတာထက် တိုက်ခိုက်ကြတယ်လို့ပြောရင် ပိုမှန်မလားပဲ။ ဘာလဲဆိုတော့ ဒီခရီးစဉ်ဟာ နိုင်ငံတော်အဆင့် ခရီးစဉ်မဟုတ်ဘူးဆိုပြီး ပြောနေကြတာပါ။ ဒါကလည်း သူတို့အနေနဲ့ ဒီခရီးစဉ်အကြောင်းကို အသေးစိတ်မသိလို့ပဲလို့ယူဆလိုက်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ကို အရင်ဦးဆုံးသွားတာပါ။ ကူမင်းမြို့ကိုရောက်တဲ့ အချိန်မှာ လေယာဉ်ပေါ်က ဆင်းဆင်းချင်းမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ကို ကြိုဆိုတာက ကော်ဇောနီ(Red Carpet) ခင်းပြီးတော့ ကြိုဆိုတာဖြစ်ပါတယ်။ ဒီလိုမျိုး ကော်ဇောနီခင်းပြီးကြိုဆိုတယ်ဆိုတဲ့အဓိပ္ပာယ်က ဒီခရီးစဉ်ကိုလာသူဟာ နိုင်ငံတော်အဆင့်အကြီးအကဲဖြစ်တယ်ဆိုပြီး အသိအမှတ်ပြုခြင်းတစ်မျိုးဖြစ်ပါတယ်။

ဥပမာအားဖြင့် အိန္ဒိယဝန်ကြီးချုပ်တို့၊ ရုရှားသမ္မတတို့လိုမျိုး နိုင်ငံတော်အကြီးအကဲတွေဟာ တရုတ်နိုင်ငံကို သွားရောက်တိုင်း ကော်ဇောနီခင်းပြီး အကြိုဆိုခံရသူတွေချည်းပါပဲ။ ဝန်ကြီးအဆင့်လောက်ကိုတော့ ကော်ဇောနီ (Red Carpet) မခင်းပေးပါဘူး။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးကိုတောင်မှ ကော်ဇောနီခင်းပြီး ကြိုဆိုတာမျိုးမလုပ်တာ တွေ့ရပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို နိုင်ငံတော်အကြီးအကဲ တစ်ယောက်အနေနဲ့ သတ်မှတ်ပြီး ကော်ဇောနီ(Red Carpet) ခင်းကြိုဆိုတာ ဖြစ်တယ်လို့ ဦးစွာပြောပါရစေ။ ဒါ့အပြင် ယူနန်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး ၂၅ မျိုးခန့်ကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားအကအဖွဲ့များကလည်း တိုင်းရင်းသားရိုးရာဝတ်စုံများကို ဝတ်ဆင်ပြီး လေဆိပ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ကို သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြတာကို တွေ့မြင်ရတာဟာ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ပင်ဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ရပါတယ်။

နောက်တစ်ခုက နိုင်ငံတော်ဝန်ကြီးချုပ်ကို ကြိုဆိုပို့ဆောင်ပေးရာမှာ အသုံးပြုတဲ့ယာဉ်ကို ကြည့်ရင်လည်း ဒီခရီးစဉ်က နိုင်ငံတော်အဆင့်ခရီးစဉ်ဆိုတာ သိသာစေနိုင်ပါတယ်။ ဒီခရီးစဉ်မှာ တရုတ်ဘက်က အသုံးပြုပေးသွားတာက Hongqi L5 အမျိုးအစားကျည်ကာကား မော်တော်ယာဉ်များ ဖြစ်ပါတယ်။ ဒီလိုယာဉ်မျိုးကိုလည်း တရုတ်နိုင်ငံက နိုင်ငံတော်အဆင့် ခရီးစဉ်တွေမှာသာ အသုံးပြုတာပါ။ တရုတ်သမ္မတက အမေရိကန်နိုင်ငံကို သွားရောက်ပြီး သမ္မတဂျိုးဘိုင်ဒင်နဲ့ တွေ့ဆုံစဉ်မှာလည်း ဒီကားကိုပဲယူသွားပြီး အသုံးပြုခဲ့တာဖြစ်ပါတယ်။

## အလုပ်သဘောခရီးစဉ်

အခုတင်ပြသွားတဲ့ အရာတွေက ဒီခရီးစဉ်က နိုင်ငံတော်အဆင့်ခရီးစဉ် မဟုတ်ဘူးဆိုပြီး ပြောဆိုနေကြတဲ့၊ တိုက်ခိုက်နေကြတဲ့သူတွေ အမြင်ရှင်းလင်းသွားအောင် ရှာဖွေဖော်ထုတ်ရေးသားတင်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီခရီးစဉ်ဟာ တချို့တွေလိုမျိုး မျက်နှာသွားပြတဲ့ နိုင်ငံတော်အဆင့်ခရီးစဉ်လိုမျိုးမဟုတ်ဘဲ တကယ်ကိုအလုပ်ဖြစ်တဲ့ နိုင်ငံတော်အဆင့်အလုပ်သဘောခရီးစဉ်ဖြစ်တယ်ဆိုတဲ့ အကြောင်းကို အောက်မှာ ဆက်လက်တင်ပြသွားပါမယ်။

## စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခရီးစဉ်အတွင်းမှာ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံကြားမှာအပြုသဘောဆောင်တဲ့ သဘောတူညီချက်တွေ များစွာရရှိခဲ့တာကို တွေ့ရပါတယ်။ ဒီလိုမျိုး မတွေ့ဆုံမီမှာ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဦးစွာတွေ့ဆုံပြီး တွေ့ဆုံခဲ့ပါတယ်။ နေပြည်တော်ကနေ ကူမင်းလေဆိပ်ကိုရောက်၊ ကူမင်းလေဆိပ်ကနေ တရုတ်အစိုးရက စီစဉ်ပေးထားတဲ့ အထူးတည်းခိုရာနေရာအရောက် ခရီးရောက်မဆိုက်မှာပဲ တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။

တွေ့ဆုံမှုဟာ နဂိုစီစဉ်ထားတာထက် တစ်နာရီကျော်လောက် ပိုကြာသွားပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေက မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်စားမှုမြင့်မားလှပါတယ်။ သိချင်တဲ့မေးခွန်းတွေ၊ အနာဂတ်အရေးတွေကလည်း များပြားလှပါတယ်။ သက်ဆိုင်ရာဝန်ကြီးတွေကလည်း စိတ်ရှည်လက်ရှည်ဖြေပြ၊ ရှင်းပြကြတယ်။ ဝန်ကြီးချုပ်က အမေးအဖြေတွေကို သေချာနားထောင်ပြီး လိုအပ်တာတွေ၊ အရေးကြီးတာတွေကို ကိုယ်တိုင်ဖြည့်စွက်ထပ်မံဖြေကြားပေးပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်တာ မဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံ စက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်မြေသြဇာလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်း အစရှိတဲ့ နယ်ပယ်စုံကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တာပါ။

**နည်းပညာရရှိအောင် ကြိုးပမ်းနေ**

ဒါ့အပြင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနဲ့အတူ နည်းပညာတွေကိုလည်း လွှဲပြောင်းရရှိနိုင်အောင် ထည့်သွင်းပြောသွားတာကို တွေ့ရပါတယ်။ နည်းပညာဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် သိပ်အရေးကြီးတဲ့ကဏ္ဍတစ်ခု ဖြစ်လာပါပြီ။ ဒီအချိန်မှာ နည်းပညာတိုးတက်မှုရှိတဲ့ နိုင်ငံက ကမ္ဘာ့ထိပ်ဆုံးကို အချိန်တိုအတွင်း ရောက်ရှိသွားတာဖြစ်ပါတယ်။ ဒီအခြေအနေကို မြော်တွေးပြီးတော့လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုတွေကနေ နည်းပညာရရှိအောင် ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

တွေ့ဆုံပွဲအပြီး နေ့လယ်စာစားရာမှာ အချိန်ကတော်တော်လေးလင့်နေပါပြီ။ ဒီနေရာမှာလည်း မြန်မာ့စီးပွားရေးအခွင့်အလမ်းတွေအပေါ် စိတ်ဝင်စားမှုမြင့်တက်နေတဲ့ လုပ်ငန်းရှင်တွေက ဝန်ကြီးချုပ်ကို တစ်ဦးပြီး တစ်ဦး လာမိတ်ဆက် မေးမြန်းနေကြပြန်ပါတယ်။ အားလုံးကို စိတ်ရှည်လက်ရှည် ပြန်ရှင်းပြနေတဲ့ ဝန်ကြီးချုပ်ရဲ့ နိုင်ငံအပေါ်ထားတဲ့စေတနာဟာ လေးစားစရာပါ။ နေ့လယ်စာစားပြီးတာနဲ့ အနားမရဘဲ မွန်းလွဲပိုင်းမှာ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နဲ့ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်တို့ကို သွားရောက်လေ့လာကြည့်ရှုပါတယ်။ ဒီလိုမျိုး သွားရောက်လေ့လာကြည့်ရှုမှုက နိုင်ငံ့အနာဂတ်လူငယ်များရဲ့ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရမယ့် အရာတွေကိုလေ့လာပြီး ကိုယ့်နိုင်ငံအတွင်းမှာ ပြန်လည်အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။

ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ညနေပိုင်းမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင်းနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါတယ်။ ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံတို့ဆိုတာ နယ်နိမိတ်ချင်းထိစပ်မှု အများဆုံးဖြစ်တဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း အများဆုံးလုပ်ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး အစရှိတဲ့နယ်ပယ်အစုံမှာ ပူးပေါင်းဆောင်ရွက် ကြတာပါ။

ဒါကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က မစ္စတာဝမ်နင်းနဲ့ တွေ့ဆုံစဉ်မှာ နှစ်နိုင်ငံကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းပြီး အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့ လိုအပ်တဲ့အကြောင်း၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ကြောင်းနဲ့ လူသားအရင်းအမြစ်လေ့ကျင့်မွေးထုတ်ရေးတို့နဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီလိုမျိုး ဆွေးနွေးမှုတွေထဲမှာ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားအတွက်သာ ဦးစားပေးပြောဆို လုပ်ဆောင်ခဲ့တာပါ။ ဒီဆွေးနွေးမှုဟာ ညပိုင်းနိုင်ငံတော်အဆင့် ဂုဏ်ပြုညစာစားပွဲအထိ ပွဲဆက်ခဲ့ပါတယ်။ ကြီးကျယ်ခမ်းနားလှတဲ့ ညစာစားပွဲရဲ့အရသာကို ကျန်တဲ့သူတွေခံစားနိုင်ပေမယ့် နိုင်ငံအရေးကိုသာ အလေးထားနေတဲ့ ဝန်ကြီးချုပ်ကတော့ ညနေပိုင်းတွေ့ဆုံပွဲရဲ့အဆက် အမြင်ချင်းဖလှယ်ဆွေးနွေးမှုတွေနဲ့ အချိန်ကုန်ခဲ့ရပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင်းက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

❖ **နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်လာတဲ့ နိုင်ငံတွေမှ ခေါင်းဆောင်တွေအားလုံးနဲ့ တွေ့ဆုံခဲ့တာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်တွေကို ဆွေးနွေးနိုင်တဲ့အပြင် လက်ရှိ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေ အားလုံးကိုလည်း အမှန်အတိုင်း အသိပေးခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။**

❖ **သေချာတဲ့တစ်ချက်က အဲဒီနိုင်ငံတွေမှ ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံရဲ့အခြေအနေ အမှန်ကို သိရှိသွားကြတယ်ဆိုတဲ့အချက်ပါ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ခရီးစဉ်တစ်လျှောက် အသုံးပြုခဲ့သည့် Hongqi L5 ကျည်ကာမော်တော်ယာဉ်။

နောက်တစ်နေ့ မနက်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကူမင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုတွေ၊ ပညာတော်သင် သင်တန်းသားတွေကိုတွေ့ဆုံပြီး အမှာစကားပြောကာ လိုအပ်တာများကို ဖြည့်ဆည်းပေးခဲ့ပြန်ပါတယ်။ တကယ်တမ်းဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ဒီလိုမျိုး သွားရောက်တွေ့ဆုံမှုတွေ မလုပ်လည်း ရပါတယ်။ ဒါပေမယ့် နိုင်ငံတော်အကြီးအကဲက ရေခြားမြေခြားမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေရသူတွေကို နွေးထွေးမှုပေးတဲ့အနေနဲ့ သွားရောက်တွေ့ဆုံခဲ့တာလို့ မှတ်ယူရပါတယ်။

ပြီးတဲ့အခါမှာ နိုင်ငံတော်ဝန်ကြီးချုပ်က ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်ဖို့ ရောက်ရှိနေတဲ့ ဝန်ကြီးချုပ်တွေနဲ့ သီးခြားစီတွေ့ဆုံပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနဲ့ သံတမန်ဆက်ဆံရေးကိစ္စရပ်တွေ၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနဲ့ ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အခြားကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။

တစ်နည်းပြောရရင် နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ထိပ်သီးအစည်းအဝေးတွေကိုတက်ရောက်လာတဲ့ နိုင်ငံတွေမှ ခေါင်းဆောင်တွေအားလုံးနဲ့ တွေ့ဆုံခဲ့တာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးနိုင်တဲ့အပြင် လက်ရှိ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေ အားလုံးကိုလည်း အမှန်အတိုင်း အသိပေးခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် တချို့သောနိုင်ငံတွေရဲ့ သံတမန်ရေးအရ တောင်းဆိုမှုတွေကြောင့် သတင်းထုတ်ပြန်ချက်တွေမှာ ချန်လှပ်ထားခဲ့ရတာတွေ ရှိတယ်လို့လည်း ပြန်လည်ကြားသိရပါတယ်။ သေချာတဲ့တစ်ချက်က အဲဒီနိုင်ငံတွေမှ ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံရဲ့ အခြေအနေအမှန်ကို သိရှိသွားကြတယ်ဆိုတဲ့အချက်ပါပဲ။

မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်လက်လက်တွဲဆောင်ရွက်သွားမယ့် ကိစ္စရပ်များကိုသာမက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ပတ်သက်ပြီး ဘယ်လိုမျိုး စီမံဆောင်ရွက်မှုတွေ လုပ်နေတယ်ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

**ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးဖြေရှင်း**

အဲဒီဆွေးနွေးမှုမှာတော့ တရုတ်နိုင်ငံဘက်ကနေ အသိအမှတ်ပြုမှုတွေနဲ့ ကတိပြုမှုတွေကို ရရှိခဲ့တာ တွေ့ရပါတယ်။ တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး တည်ငြိမ်အေးချမ်းရေးကို အပြည့်အဝထောက်ခံအားပေးသွားမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် လက်နက်ကိုင်ပဋိပက္ခတွေနဲ့ပတ်သက်ပြီး အကြမ်းဖက်တဲ့နည်းလမ်းနဲ့ မတုံ့ပြန်ဘဲ ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ဖြေရှင်းနိုင်ရေးကြိုးပမ်းတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တရုတ်ဝန်ကြီးချုပ်က ချီးကျူးကြောင်း ပြောပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ ချမှတ်အကောင်အထည်ဖော်နေတဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပေးမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနဲ့ တရုတ်နိုင်ငံအတွင်းအခြေပြုပြီး မြန်မာနိုင်ငံရဲ့အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံရဲ့အရေးကိစ္စက တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံ အရေးပင်ဖြစ်တဲ့အတွက် နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ရပ်တည် ဆောင်ရွက်သွားမယ့်အကြောင်းတို့ကို အလေးပေးပြီး ပြောခဲ့တာ တွေ့ရပါတယ်။

ဒီလိုမျိုး နှစ်နိုင်ငံကြား အပြန်အလှန်ကတိပြုမှုတွေသာမက တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူစာချုပ် ခုနစ်ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသေးတယ်။ အဲဒီလို သဘောတူညီချက်တွေထဲကမှ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်း နည်းပညာပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေးနားလည်မှု သဘောတူညီချက်တွေဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှ အကျိုးကျေးဇူးများတဲ့ သဘောတူညီချက်တွေဖြစ်တာ အမှန်ပါပဲ။

နောက်တစ်နေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်က အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီး အစည်းအဝေးတို့ကို တက်ရောက်ပြီး နိုင်ငံများကြား အပြန်အလှန်အကျိုးရှိစေမယ့် အပြုသဘောဆောင်သော ဆွေးနွေးမှုများကို ဆွေးနွေးခဲ့ပါတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံပြီး နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပါတယ်။

### လုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံရေးအတွက်ဖိတ်ခေါ်

အဲဒီနေ့ညမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကူမင်းမြို့ကနေ လေယာဉ်နဲ့ ထွက်ခွာပြီး ချုံချင့်မြို့ကို သွားရောက်ပါတယ်။ ချုံချင့်ကိုရောက်တော့ ညမှောင်နေပါပြီ။ ချုံချင့်မြို့မှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်ကို နိုင်ငံတော်အဆင့် ကော်ဇောနီ(Red Carpet)ခင်းပြီး ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် ဦးစီးကြိုဆိုရေးအဖွဲ့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ပါတယ်။ တည်းခိုရမယ့်နေရာဟာ ချုံချင့်နိုင်ငံတော်ဧည့်ဂေဟာ ဖြစ်ပါတယ်။ တရုတ်ဗဟိုအစိုးရ ခေါင်းဆောင်တွေ တည်းခိုရာနေရာဖြစ်သလို နိုင်ငံတော်ဧည့်ဂေဟာဝန်းဟာ အဆောက်အဦတစ်ခုနဲ့တစ်ခု မော်တော်ယာဉ်နဲ့ သွားလာမှ အဆင်ပြေလောက်အောင် ကျယ်ဝန်းတာကိုလည်း သတိထားမိပါတယ်။ နိုဝင်ဘာလ ၈ ရက်နံနက်ပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်က ချုံချင့်မြို့မှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုတွေကို သွားရောက်တွေ့ဆုံပါတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့အဖွဲ့ဝင်တွေက ချုံချင့်မြို့ရှိ စက်ရုံအလုပ်ရုံတွေကို သွားရောက်လေ့လာကာ သိရှိလိုတာတွေကို မေးမြန်းပါတယ်။

ဒါ့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်က ချုံချင့်မြို့စီမံကိန်းရေးဆွဲရေး ပြတိုက်ကိုသွားရောက်လေ့လာပါတယ်။ ညပိုင်းမှာတော့ ယန်စီမြစ်အတွင်း သင်္ဘောစီးပြီး လေ့လာမှုတွေလုပ်ခဲ့တဲ့အပြင် သင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားဖို့နဲ့ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် ဖိတ်ခေါ်မှုတို့ကို လုပ်ဆောင်ပါတယ်။

ညပိုင်းမရောက်ခင် ညနေပိုင်းတုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဟာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြို့မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာယွမ်ကျားကျွန်နဲ့ တွေ့ဆုံပြီး သိပ္ပံနဲ့နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနဲ့ ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မယ့် အခြေအနေတွေနဲ့ ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပါတယ်။

> ❖ **တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတွေကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့စင်မြင့်မှာ ပွဲလယ်တင့်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြန်လည်ရောက်ရှိလာတာကို တွေ့မြင်နေရပြီဖြစ်**
>
> ❖ **နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အေးအတူ ပူအမျှ အသိုက်အဝန်းကို ဂုဏ်ပြုဖော်ဆောင်နိုင်ရုံသာမက မြန်မာ့ခေါင်းဆောင်အပေါ် တရုတ်နိုင်ငံရဲ့ တန်ဖိုးထားလေးစားမှု၊ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူတွေရဲ့ ချစ်ကြည်လေးစားမှုတွေကိုပါ ပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပဲ ဆိုပါရစေ**

အနေနဲ့ အဲဒီလို သွားရောက်လည်ပတ်တာ၊ အချိန်ယူပြီး ဆွေးနွေးထားတာတွေဟာ တရုတ် – မြန်မာ ဆက်ဆံရေးမှာ ပစ္စုပ္ပန်မှာသာမက အနာဂတ်မှာပါ ရေရှည်ကောင်းကျိုးများ ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်မိပါတယ်။

နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ချုံချင့်မြို့ကနေ ရှန်းကျန့်မြို့ကိုရောက်ရှိခဲ့ပါတယ်။ ရှန်းကျန့်မှာလည်း ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် ဦးစီးကြိုဆိုရေးအဖွဲ့တွေက နိုင်ငံတော်အဆင့် ကော်ဇောနီ (Red Carpet) ခင်းပြီး ခမ်းခမ်းနားနား ကြိုဆိုခဲ့ပါတယ်။ ရောက်ရှိပြီး မကြာမီမှာပဲ စက်ရုံ၊ အလုပ်ရုံတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီနေ့ တစ်နေ့ကုန်အောင်ပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရှန်းကျန့်မြို့မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံများစွာဆီကို သွားရောက်လေ့လာခဲ့တာပါ။ နောက်တစ်နေ့နံနက်ပိုင်း မြန်မာနိုင်ငံကိုပြန်ခါနီးအချိန်အထိ နောက်ထပ်စက်ရုံတစ်ခုဆီကို သွားရောက်လေ့လာခဲ့ပါတယ်။ EV ကားတွေ၊ ရထားတွေထုတ်လုပ်နေတဲ့စက်ရုံကို သွားလေ့လာခဲ့တာပါ။

နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရှန်းကျန့်မြို့ကနေ ထွက်ခွာလာပြီး မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာပါတယ်။ လေယာဉ်က နေပြည်တော်လေဆိပ်လေယာဉ်ပြေးလမ်းမှာပဲ ရှိနေတုန်း လေယာဉ်ဆိုက်ကပ်မယ့်နေရာကို လှမ်းကြည့်လိုက်တော့ ရောင်စုံလူအုပ်ကြီးက မနည်းမနော။ လေယာဉ်ဆိုက်ပြီး လေယာဉ်ပေါ်က ဆင်းလိုက်တော့မှ အောင်မြင်ခဲ့တဲ့ တရုတ်နိုင်ငံခရီးစဉ်နဲ့ လိုက်လျောညီထွေစွာ တရုတ်နဂါးအကအဖွဲ့၊ ခြင်္သေ့အကအဖွဲ့တွေ၊ တိုင်းရင်းသားရိုးရာအကတွေနဲ့ အဖွဲ့အစည်းပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေတာကို ကြက်သီးထဖွယ် တွေ့ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က အခုခရီးစဉ်မှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့တဲ့ အဖွဲ့ဖြစ်သည်သာမက နောင်လာနောက်သားတွေအနေနဲ့ ဂုဏ်ယူနေရမယ့် နိုင်ငံ့အကြီးအကဲကောင်းတစ်ယောက်ရဲ့ လုပ်ဆောင်မှုတွေကို ဖော်ညွှန်းပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပြောရင်လည်း မမှားပါဘူး။

ဒီခရီးစဉ် တစ်လျှောက်လုံးမှာ ဆွေးနွေးညှိနှိုင်းမှုတွေကနေ မြန်မာနိုင်ငံအတွက် ရရှိခဲ့တဲ့အကျိုးကျေးဇူးတွေကို ဆက်လက်တင်ပြပါမယ်။

အရင်ဆုံး နိုင်ငံရေးအခြေအနေပေါ့။ မြန်မာနိုင်ငံဟာ အားလုံးသိတဲ့အတိုင်း အနောက်အုပ်စုများ၊ ပြည်တွင်းမှသစ္စာဖောက်များကြောင့် ကမ္ဘာ့နိုင်ငံအချို့ရဲ့ အမြင်မှား အထင်မှားခံနေရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေခဲ့ရပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတွေကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့စင်မြင့်မှာ ပွဲလယ်တင့်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြန်လည်ရောက်ရှိလာတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အိမ်ရှင်တရုတ်နိုင်ငံရဲ့ နိုင်ငံတော်အဆင့်ကြိုဆိုမှု၊ အလေးထားမှု၊ ရောက်ရာနေရာတိုင်းမှာ စနစ်တကျစီစဉ်ထားမှု၊ တည်းခိုရာနေရာ၊ စီးနင်းတဲ့ နိုင်ငံတော်အဆင့် ကျည်ကာကား မော်တော်ယာဉ်များ၊ လုံခြုံရေးနဲ့ စားရေးသောက်ရေး၊ ဧည့်ခံမှုကအစ အသေးစိတ်အလေးထားပြီး ဆောင်ရွက်ခဲ့မှုတွေဟာ မမေ့နိုင်စရာတွေပဲဖြစ်ပါတယ်။ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အေးအတူပူအမျှ အသိုက်အဝန်းကို ဂုဏ်ပြုဖော်ဆောင်နိုင်ရုံသာမက မြန်မာ့ခေါင်းဆောင်အပေါ် တရုတ်နိုင်ငံရဲ့ တန်ဖိုးထားလေးစားမှု၊ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူတွေရဲ့ ချစ်ကြည်လေးစားမှုတွေကိုပါ ပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပဲ ဆိုပါရစေ။

ဒါ့အပြင် ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်တွေရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် မြန်မာ့ပြည်တွင်းရေးမှာ တည်ငြိမ်မှုတွေ ရှိလာနိုင်တဲ့အပြင် မကြာခင်ကျင်းပဖို့ ရည်ရွယ်ထားတဲ့ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပသွားနိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကလည်း လွတ်လပ်ပြီးမျှတတဲ့ရွေးကောက်ပွဲဖြစ်လာစေမှာ အမှန်ပဲဖြစ်တယ်လို့ အခိုင်အမာဆိုချင်ပါတယ်။

နောက်တစ်ချက်က စီးပွားရေးအမြင်နဲ့ရရှိလာမယ့် အကျိုးစီးပွားတွေအကြောင်းကို ပြောချင်ပါသေးတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံခရီးစဉ်မှာ စီးပွားရေးလုပ်ငန်းရှင်အများအပြားနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ဖို့ကို တိုက်တွန်းခဲ့တာ တွေ့ရပါတယ်။ အဲဒီတိုက်တွန်းချက်ရဲ့နောက်မှာ မြန်မာနိုင်ငံဘက်က ဖြည့်ဆည်းပေးရမယ့်အရာတွေကိုလည်း အောင်မြင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ဆိုပါတယ်။

ဒါဆိုရင် မြန်မာနိုင်ငံအတွင်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာဖို့ဆိုတာ သေချာသွားပါပြီ။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးမောင်းနှင်အားဟာ ရင်းနှီးမြှုပ်နှံမှုအပေါ် တစ်စိတ်တစ်ပိုင်းမှီတည်နေပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာတာနဲ့အမျှ နိုင်ငံရဲ့ စီးပွားရေးကလည်း တိုးတက်လာမှာပါ။ စီးပွားရေးတိုးတက်လာတာနဲ့ တစ်ပြိုင်နက် ရေမြင့်ရင်ကြာတင့်တယ်ဆိုတဲ့ စကားအတိုင်း မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝဟာလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

နောက်ထပ်ပြောချင်တဲ့ အချက်တစ်ချက်က ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ ပတ်သက်နေပါတယ်။ ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတွေဟာ နှစ်နိုင်ငံကြားက နယ်စပ်စည်းမျဉ်းကို ခွထိုင်ပြီး မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားထိခိုက်အောင် လုပ်ဆောင်မှုတွေကို ဆောင်ရွက်နေတဲ့သူတွေဖြစ်ပါတယ်။ တကယ်လို့များ သူတို့အနေနဲ့ နယ်စပ်ဒေသကို အခြေမခံနိုင်တော့ဘူးဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုတွေကိုလည်း လုပ်နိုင်တော့မှာမဟုတ်ပါဘူး။

ဒီလိုမျိုး အကြမ်းဖက်သောင်းကျန်းသူတွေ အမြစ်ပြတ်ချုပ်ငြိမ်းတော့မယ့် အချိန်က သိပ်မကြာခင်မှာရောက်ရှိလာပါလိမ့်မယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးမှုတွေကိုကြည့်ရင် မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လိုအပ်တာတွေကို လုပ်ဆောင်ပေးသွားမယ်လို့ တရုတ်အစိုးရက ကတိပြုထားတယ် မဟုတ်ပါလား။ ဒါ့အပြင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးမှုမှာလည်း နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးအကြောင်းက အဓိကအကြောင်းအရာအဖြစ်ပါဝင်ခဲ့တာတွေ့ရပါတယ်။ ဒါတွေကို ပြန်ထောက်ချင့်ရင် နယ်စပ်ဒေသတွေမှာ တရားဥပဒေစိုးမိုးမှုတွေ ပိုမိုရရှိလာမှာဖြစ်တာကြောင့်အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ဘဝ နိဂုံးချုပ်တော့မယ်လို့ ပြောရခြင်းဖြစ်ပါတယ်။

အခုလိုမျိုး ဆွေးနွေးမှုတွေ၊ သဘောတူညီချက်တွေရရှိဖို့ဆိုတာ တော်ရုံအားဖြင့် မလွယ်ကူလှပါဘူး။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ အချိန်များစွာကို နိုင်ငံတော်အတွက် ပေးဆပ်ထားခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ တာဝန်ကျေပွန်အောင် ဆောင်ရွက်ခြင်းတို့ကြောင့်သာ အခုလိုမျိုး သဘောတူညီချက်တွေ ရရှိလာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်ဟာ ကိုယ်ကျိုးကို ငဲ့ကွက်ခြင်းမရှိဘဲ တိုင်းပြည်ကောင်းကျိုးကိုသာ ရှေးရှုရွက်သယ်ပိုးခြင်းကြောင့် ကောင်းကျိုးရလဒ်များလည်း မျက်ဝါးထင်ထင်ထွက်ပေါ်လာတဲ့အတွက် တကယ့်ကိုပဲ အကျိုးရှိတဲ့ ခရီးစဉ်ကောင်းတစ်ခု ဇာတ်မှုရှုဖြစ်ပေါ်လာကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ဒါ့အပြင်ဆိုင်ရာ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Naypyitaw State Academy နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy နှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy ၏ စာသင်ဆောင်၊ စာသင်ခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပထမပညာသင်ကာလ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားကျောင်းသူများ၏ ကျောင်းအပ်နှံနေမှုများ၊ လက်တွေ့ခန်းအတွင်း ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academyတွင် ကျောင်းသားဗဟိုပြု သင်ကြားမှုစနစ်ကို အကောင်အထည် ဖော်နိုင်ရန်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် Up-to-date ဖြစ်သည့် Textbooks များ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Internet Access နှင့် e-library အပါအဝင် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီး ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းလက်တွဲ၍ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြ ရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ သင်ကြားသင်ယူမှု လုပ်ငန်းများတိုးတက်ကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ တက္ကသိုလ်များ၏ ဥပမိရုပ်ကောင်းမွန်ရေးနှင့် တက္ကသိုလ် ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာ လှပရေးကိုလည်း အမြဲမပြတ် အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်းတည်ထောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၀**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်ရေးအတွက် နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်နိုင်ရေး အကြို ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း သက်မွေးပညာကဏ္ဍတွင် ဧည့်ဝန်ဆောင်မှုဘာသာရပ်နှင့် ခရီးသွားလုပ်ငန်းဘာသာရပ်များကို သက်မွေးပညာရပ်တစ်ခုအဖြစ် ဒီပလိုမာအဆင့်၊ ဘွဲ့ဒီဂရီအဆင့်အထိ ပေးအပ်နိုင်အောင် ရည်ရွယ်ပြီး နိုင်ငံအဆင့် ကျောင်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ကြားမည့် သင်ရိုးညွှန်းတမ်းများကို အာဆီယံအဆင့်စံနှုန်းများ၊ ပညာရေးဝန်ကြီးဌာန၏ National Qualification Framework တို့နှင့်အညီ ပေါင်းကူးသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို အစိုးရ၊ ပုဂ္ဂလိကကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး အုပ်စု ငါးစုဖွဲ့ကာ ဆွေးနွေးရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ အလုပ်ရုံ ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များဖြင့် လုပ်ငန်းစီမံချက်ရေးဆွဲပြီး အထက်ဌာနများသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ယနေ့တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က နိုင်ငံအဆင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပသွားမည့် အစီအစဉ်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တက်ရောက်လာကြသော အရာရှိကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက နိုင်ငံအဆင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်ရသည့် ရည်ရွယ်ချက်များနှင့် အကောင်အထည် ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မီးခိုးမြူငွေ့အန္တရာယ် လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ သူနာပြုနှင့် သားဖွား ဒီပလိုမာ (၃) နှစ် သင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရမည့် နည်းလမ်းများ၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။



ထို့နောက် သင်တန်းသားသင်တန်းသူများအား မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့်ပတ်သက်သည့် မေးခွန်းများကို ပြန်လည်မေးမြန်းကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**စိုးလင်း(တောင်ကြီး)**

# ကျောက်တန်းမြို့ စည်ပင်သာယာမြို့မဈေး၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ စည်ပင်သာယာမြို့မဈေး မီးဘေးလုံခြုံရေးအတွက် နိုဝင်ဘာ ၂၀ ရက်က မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများကို စိစစ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စည်ပင်သာယာ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် စိစစ်ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဗိုလ်မှူး ချမ်းမြေ့ဦးနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးစီးမှူး ဦးအောင်ကျော်ဝင်းနှင့် အဖွဲ့၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်လျှပ်စစ်ဌာန၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဈေးအတွင်းရှိ ဆိုင်ခန်း ၆၁၀ မှ ဈေးရောင်းချသူများအား မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိကြရန် မြို့မဈေး ဆိုင်ခန်းများတွင် အသုံးပြုသော လျှပ်စစ်ဝိုင်ယာကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ စွန့်ပစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ကြရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက သက်ဆိုင်ရာ မြို့နယ်မီးသတ် ဦးစီးဌာနသို့ အချိန်မီ အကြောင်းကြားရန်နှင့် မီးဘေးလုံခြုံရေးအတွက် သတ်မှတ်စည်းကမ်းများ လိုက်နာကြရန် အသိပညာပေးဆောင်ရွက်ကြောင်း သိရသည်။

**ဝင်းစိုး(ကျောက်တန်း)**



(၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် အောင်ပွဲခံနိုင်ခဲ့သည့် နေ့တစ်နေ့

ဇာနည်ဘွား

အချိန်ကား ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက် (၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) နံနက် ၁၁ နာရီ။ နေရာကား ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့် (စနေထောင့်) ဇောမိပင် အရှေ့ရပ်။

ကောလိပ်ကျောင်းသားကြီးများ ဖြစ်ကြသည့် ၁၁ ဦးတို့သည် အရေးတော်ပုံကိစ္စတစ်ခုအတွက် ရှစ်နာရီမျှကြာအောင် လျှို့ဝှက်ဆွေးနွေးနေကြသည်။ သူတို့ ဆွေးနွေးနေကြသည့် အကြောင်းအရာကား ၁၉၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် ဗမာပြည်ဘုရင်ခံချုပ် ဆာရယ်ဂျီနယ် ကရက်ဒေါက် (Sir Reginald Craddock) ထုတ်ပြန် အတည်ပြုခဲ့သည့် ယူနီဘာစီတီအက်ဥပဒေနှင့် ပတ်သက်၍ဖြစ်သည်။

**ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ကိုသာ ဖွင့်လှစ်ပေးခဲ့**

ထိုယူနီဘာစီတီအက်ဥပဒေ ပေါ်ပေါက်လာရခြင်း အကြောင်းကလည်း ဗြိတိသျှနယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာပြည်ကို အပြီးအပိုင် သိမ်းပိုက်ပြီးသည်မှ ၁၉၂၀ ပြည့်နှစ်အထိ ခေတ်အလိုက် အမြင့်ဆုံးပညာသင်ကြားရာ ယူနီဘာစီတီ (University) ခေါ် တက္ကသိုလ်ကျောင်းကို ဖွင့်လှစ်ပေးခြင်းမရှိဘဲ ရန်ကုန်မြို့၌ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် (ယခင် ယုဒသန်ကောလိပ်) တို့ကိုသာ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းကောလိပ်များမှာလည်း အိန္ဒိယပြည် ကာလကတ္တား ယူနီဗာစီတီ၏ လက်အောက်ခံ ကောလိပ်ကျောင်းခွဲမျှသာဖြစ်သည်။ သင်ရိုးညွှန်းတမ်းများကို ကာလကတ္တား ယူနီဗာစီတီမှ ချမှတ်ပေးသည့်အတိုင်း သင်ကြားပေးသည်။ စာမေးပွဲများကိုလည်း ကာလကတ္တား ယူနီဗာစီတီမှ ဦးစီးစီမံ ကျင်းပပြုလုပ်ပေးသည်။ မက်ထရစ်ကျူလေရှင်း ခေါ် တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း ကာလကတ္တားတွင်မေးခွန်းထုတ်၍ ရန်ကုန်တွင် ဖြေဆိုကြရသည်။ ထိုအခါ မြန်မာတက်ခေတ်လူငယ်များနှင့် အံမဝင်ခွင်မကျ ဖြစ်လာခဲ့သည်။

သို့ဖြင့် ဝိုင်အမ်ဘီအေ(YMBA) အသင်းကြီးက ဗမာပြည်(မြန်မာပြည်)တွင် ယူနီဗာစီတီတက္ကသိုလ် သီးခြားရှိရမည်ဟု လှုံ့ဆော်ကြွေးကြော်၍ နယ်ချဲ့အင်္ဂလိပ်အစိုးရကို ကြိမ်ဖန်များစွာ တိုက်တွန်းခဲ့လေသည်။ ထိုသို့ ကြိမ်ဖန်များစွာ တိုက်တွန်းမှုများကြောင့် ဗမာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက် ဦးဆောင်သော အစိုးရသည် ပညာမင်းကြီး မစ္စတာမက်သယူးဟန်တား(Mr. Mathew Hunter) ဦးစီးသည့် ယူနီဗာစီတီအက်ဥပဒေရေးဆွဲရေး ကျွမ်းကျင်သည့် ကော်မတီတစ်ရပ်ကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းလိုက်သည်။

အဆိုပါ ကော်မတီသည် ယူနီဗာစီတီဟူ၍ ဗမာပြည်တွင် ဤတစ်ကျောင်းသာရှိရမည်။ ယင်းယူနီဗာစီတီ၏ အောက်တွင်လည်း ကောလိပ်တစ်ကျောင်းသာရှိရမည်။ ယင်းကောလိပ်နှင့် တက္ကသိုလ်တည်ရာသည်လည်း ရန်ကုန်မြို့တွင်သာဖြစ်ရမည်။ ယူနီဗာစီတီနှင့် ကောလိပ်သို့ ဝင်ရောက်သင်ကြားရမည့်သူများမှာလည်း ကျောင်းအိပ်ကျောင်းစားများသာဖြစ်ရမည် စသည်ဖြင့် မလိုလားအပ်သော ကန့်သတ်ချက်ပေါင်းများစွာ ပါဝင်သော အက်ဥပဒေကို ရေးဆွဲခဲ့လေသည်။

> **“၁၉၂၀ ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှားမှု ဖြစ်စဉ်ကြီးမှ တဖွားဖွားပေါ်ထွက်လာသော ဝံသာနုမျိုးချစ်စိတ်ဓာတ်ဖြင့် အမျိုးသား စည်းလုံးညီညွတ်မှုကို တည်ဆောက်ကာ လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့ကြ၍ မြန်မာပြည်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးအောင်ပန်းကို ပြန်လည်ရယူ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်”**

အဆိုပါ ၁၉၂၀ ယူနီဗာစီတီအက်ဥပဒေအရ ငွေကုန်ကြေးကျခံနိုင်သော မြေရှင်ဓနရှင် လူတန်းစားနှင့် ဖြူရိုကရက်အရာရှိကြီးတို့၏ သားသမီးများနှင့် အဆက်အနွယ်များသာ အကျိုးခံစားခွင့်ရရှိစေမည်ဖြစ်ပြီး ဆင်းရဲသား သာမန်လက်လုပ်လက်စားတို့အတွက်မူ ကြီးမားသော အခက်အခဲတစ်ခုဖြစ်လာစေသည်။ တစ်နှစ်လျှင် အနည်းဆုံးငွေကျပ် ၆၀၀ ကျော်(သို့မဟုတ်) တစ်လလျှင် ပျမ်းမျှငွေကျပ် ၅၀ ကျော်မတတ်နိုင်လျှင် တက္ကသိုလ်သို့ မည်သည့်နည်းနှင့်မျှ ချဉ်းကပ်နိုင်မည်မဟုတ်ချေ။ ထိုခေတ်က စာရေးကြီးတစ်ဦး၏ လစာသည်ပင်လျှင် ငွေကျပ် ၃၀ ပတ်ဝန်းကျင်မျှသာ ရရှိလေသည်။ လက်လုပ်လက်စား အလုပ်ကြမ်းသမားတို့ဆိုမူ တစ်နေ့တစ်မတ်၊ ငါးပဲနှုန်းပင် မှန်မှန်မဝင်ကြသည့် အချိန်ဖြစ်သည်။

ထို့ကြောင့် ဥပဒေကြမ်းထွက်လာသည်နှင့် တစ်ပြိုင်နက် သတင်းစာတို့က ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ဆောင်းပါးရှင် များစွာကလည်း ကန့်ကွက်ရေးသားခဲ့ကြသည်။ ကျောင်းသားမိဘများကလည်း မကျေမနပ်ဖြစ်လာကြသည်။ မြန်မာပြည်သူလူထုကလည်း ရန်ကုန်တက္ကသိုလ်ဟူ၍ သီးခြားတက္ကသိုလ်တစ်ရပ်ကို လိုလားတောင့်တတောင်းဆိုခဲ့ကြသော်လည်း တက္ကသိုလ်အက်ဥပဒေကြမ်း ပေါ်ထွက်လာသောအခါတွင်မူ အထူးသဖြင့် တက္ကသိုလ်ပညာရေးကို ပြန့်ပွားအောင် ပြုလုပ်ရမည့်အစား ပိုမိုပါးလျားအောင် အဟန့်အတားဖြစ်စေရန် ကန့်သတ်ချက်များစွာကို ထည့်သွင်းရေးဆွဲခဲ့၍ အဆိုပါတက္ကသိုလ်ဥပဒေကို ပြင်ဆင်ပေးရန် ရန်ကုန်တွင်သာမက မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေ စသော မြို့ကြီးများ၌ လူထုအစည်းအဝေးများ ခေါ်ကာ ကန့်ကွက်ခဲ့ကြလေသည်။

သို့ရာတွင် ဗမာပြည်ဘုရင်ခံ ကရက်ဒေါက်သည် မြန်မာပြည်သူလူထု၏ ကန့်ကွက်တောင်းဆိုမှုများကို အလေးမမူ ဂရုမစိုက်ဘဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် အဆိုပါ ယူနီဗာစီတီအက်ဥပဒေနှင့်အညီ ရန်ကုန်ကောလိပ်အား ယူနီဗာစီတီတက္ကသိုလ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်လေသည်။

**ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်သပိတ်မှောက်ကြရန် ဆုံးဖြတ်ခဲ့ကြ**

ဤသို့ဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) တွင် ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့် (စနေထောင့်) ဇောမိပင်ရှေ့၌ ရှစ်နာရီမျှကြာအောင် ဆွေးနွေးပြီးနောက် နယ်ချဲ့အင်္ဂလိပ်အစိုးရက ရေးဆွဲအတည်ပြုထုတ်ပြန်သည့် ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်သပိတ်မှောက်ကြရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ဒီဇင်ဘာလ ၄ ရက်နေ့ ညနေ ၅ နာရီတွင် ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသား ၄၀၀ ကျော်တို့ကလည်း ဗဟန်းမြို့နယ်ရှိ ဦးအရိယကျောင်းတိုက်၌ တက္ကသိုလ်အက်ဥပဒေ တိုက်ဖျက်ရေးအတွက် သပိတ်မှောက်ကြရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

သို့နှင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် )တွင် ကျောင်းသား ကျောင်းသူများ ထပ်မံစုဝေး၍ တက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း ဆန္ဒပြသည့်အနေဖြင့် သပိတ်မှောက်ကြောင်း ဆုံးဖြတ်ကြေညာခဲ့ကြလေသည်။ ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းသား ကျောင်းသူများကလည်း ကောလိပ်ကျောင်းသားကြီးများနည်းတူ ပူးပေါင်းပါဝင်လာခဲ့ရုံမက မြို့လူထုတစ်ရပ်လုံးကလည်း မားမားမတ်မတ်ရပ်ကာ ကူညီထောက်ပံ့ခဲ့ကြလေသည်။

ထို့ပြင် ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ မူလကောလိပ်ကျောင်းသားကြီး ၁၁ ဦးအပြင် အဖွဲ့ဝင် ၁၅ ဦးကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သဖြင့် ယူနီဗာစီတီသပိတ်မှောက်ကောင်စီတွင် အဖွဲ့ဝင် ၂၆ ဦး ဖြစ်လာခဲ့သည်။

သို့ရာတွင် ကောလိပ်အာဏာပိုင်များနှင့် ဘုရင်ခံ ကရက်ဒေါက် ဦးဆောင်သော ဗြိတိသျှနယ်ချဲ့အစိုးရက ကျောင်းသားများ၏ အရေးဆိုတောင်းဆိုချက်များကို စဉ်းစားရန် ဝေးစွ၊ ဒီဇင်ဘာ ၂၃ ရက်အတွင်း ကျောင်းပြန်မတက်က ကျောင်းမှ နုတ်ပယ်ပစ်မည်ဟု ကြေညာခဲ့ရာ သပိတ်မှောက်ကျောင်းသားကြီးများကလည်း ကျောင်းမှ အပြီးတိုင်ထုတ်ပယ်နိုင်ကြောင်း စာပြန်ကာ တုံ့ပြန်လိုက်သည်။ တစ်ဆက်တည်းမှာပင် ကျောင်းသားကြီးများက အစိုးရက ကျောင်းသားများ၏ တောင်းဆိုချက်ကို လိုက်လျောသည်ဖြစ်စေ၊ မလိုက်လျောသည်ဖြစ်စေ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ကောလိပ်ကျောင်းများကို မည်သည့်နည်းနှင့်မျှ ပြန်မတက်တော့ပြီဟု တက္ကသိုလ်ကို ရာသက်ပန် သပိတ်မှောက်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ကြလေသည်။

ကျောင်းသားများ သပိတ်မှောက်စဉ်ကာလအတွင်း ပညာသင်ကြားမှု မပျက်စေရန်အလို့ငှာ ရန်ကုန်မြို့ ဗဟန်းရပ်ကွက်တွင် အမျိုးသားကောလိပ်တစ်ကျောင်းကို အမျိုးသားရေးစိတ်ဓာတ်ရှိသူများနှင့် ပညာရေးကို အားပေးလိုလားသူ မြို့မိမြို့ဖများနှင့် သပိတ်မှောက်ကျောင်းသားများက ဦးစီးတည်ထောင်ခဲ့ကြသည်။ ထို့အတူ ရန်ကုန်မြို့ မြို့မ အထက်တန်းကျောင်း(ယခု အထက(၂)ဒဂုံ)မှ အစပြု၍ အမျိုးသားကျောင်း ၉၃ ကျောင်းကိုလည်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ခဲ့ကြသည်။

အမျိုးသားကောလိပ်တွင် စေတနာဝန်ထမ်း ပါမောက္ခဆရာကြီးများအဖြစ် ဆရာကြီး ဦးလွန်း (သခင်ကိုယ်တော်မှိုင်း)က မြန်မာစာနှင့် သမိုင်း၊ ဆရာတော် ဦးဉာဏက ပါဠိ၊ မစ္စတာရောင်း (မဟာဝိဇ္ဇာ-ဝါရှင်တန်)က စီးပွားရေးနှင့် နိုင်ငံရေး၊

*စာမျက်နှာ ၁၁ သို့*

❖ ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ (GCBA) အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ကန့်ကွက်ဆန္ဒပြ သပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့၊ တစ်နည်းအားဖြင့် ဗြိတိသျှနယ်ချဲ့အစိုးရအပေါ် အောင်ပွဲခံခဲ့သောနေ့ဖြစ်၍ အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့

❖ အမျိုးသားရေးလက္ခဏာများ ပို၍ပေါ်လွင်ထင်ရှားစေရန်နှင့် အမျိုးသားအောင်ပွဲနေ့၏အဓိပ္ပာယ် ပိုမိုပြည့်စုံပေါ်လွင်စေရန် အင်္ဂလိပ်ပြက္ခဒိန်ရက်ဖြစ်သော ဒီဇင်ဘာ ၅ ရက်ကို မသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့အဖြစ်သာ သတ်မှတ်ခဲ့ခြင်းဖြစ်

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမား ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမား ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"ဝန်ကြီးဌာန အဆင့်မှာ စုစုပေါင်း အားကစားသမား ၅၂၀၀ ကျော်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး အဆင့်မှာ အားကစားသမား ၆၆၀၀ ကျော်နဲ့ မသန်စွမ်း အားကစားသမား ၁၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီလိုကျင်းပရာမှာ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက်နဲ့ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကို ဒီဇင်ဘာ ၂ ရက်က စပြီးတော့ နေပြည်တော်မှာရှိတဲ့ အားကစားကွင်းတွေ၊ အားကစားရုံတွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပဖို့အတွက် ကျွန်တော်တို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနဲ့ ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေ အားလုံးက ပံ့ပိုးကူညီမှု လုပ်ဆောင်ပေးကြတဲ့အတွက် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုနဲ့အညီ အောင်အောင်မြင်မြင် ကျင်းပသွားနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပဥ္စမအကြိမ်အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြောကြားသည်။

အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၊ မသန်စွမ်း အားကစား သမားများအတွက် အားကစားနည်း လေးနည်း ပါဝင်မည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"ပြိုင်ပွဲတွေအတွက် အားလုံးက ကြိုးစားနေကြတယ်။ ဝန်ကြီးဌာနအသင်းတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး ပြိုင်ပွဲဝင်အသင်းတွေက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးတွေ၊ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေရဲ့ ညွှန်ကြားမှုနဲ့အညီ အပြင်းအထန် ကြိုးစားလေ့ကျင့်လျက် ရှိတဲ့အတွက် ဒီအားကစား ပွဲတော်ကြီးကနေ အနာဂတ် အားကစားလောကအတွက် အလားအလာရှိတဲ့ မျိုးဆက်သစ် အားကစားသမားတွေ မွေးထုတ်ပြီးတော့ လာမယ့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးမယ်လို့ မျှော်လင့်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောပြသည်။

မကြာမီ ကျင်းပတော့မည့် အမျိုးသား အားကစားပွဲတော်အတွင်း အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအပြင် ရွှေကြာပင်၊ လယ်ဝေးနှင့်ပေါင်းလောင်းတို့ရှိ အားကစားကွင်းများ၌လည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဖွင့်ပွဲ အခမ်းအနားမှာ လာရောက်ကြည့်ရှုမယ့် နိုင်ငံတော်အဆင့် အရေးကြီးပုဂ္ဂိုလ်တွေ ကြည့်ရှုမယ့် နေရာဖြစ်တဲ့ VVIP စတိတ်စင် တည်ဆောက်ခြင်း လုပ်ငန်းက ၁၀၀ ရာခိုင်နှုန်း၊ ဖွင့်ပွဲ အခမ်းအနားမှာ ထွန်းညှိမယ့် မီးရှူးတိုင် ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းကလည်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ အားကစားသမားပေါင်း ၆၀၀၀ ကျော်၊ ဒိုင်လူကြီး ၈၀၀ ကျော် တည်းခိုနေထိုင်မယ့် Gold Camp Cluster 4, 5, 6 မှာ မြို့ပြ၊ ရေ၊ မီး ပြုပြင်ခြင်း လုပ်ငန်းတွေကတော့ ဆောင်ရွက်နေဆဲ ဖြစ်ပြီးတော့ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော် ရှိပြီဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပမယ့် နေရာတွေမှာ အသံစနစ်တွေ၊ အဲကွန်းစနစ်တွေ၊ လျှပ်စစ်စနစ်တွေ၊ မြို့ပြ၊ ရေ၊ မီး၊ မိလ္လာစတဲ့ လိုအပ်တဲ့ ၈၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ ပြိုင်ပွဲကာလမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိအောင် အရန်မီးစက်တွေကို ထားရှိမယ့် အစီအစဉ်ကိုလည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ပြီးတော့ ပြိုင်ပွဲကာလအတွင်း အမှိုက်သိမ်းစနစ်တွေ ဆောင်ရွက်နိုင်ဖို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီနဲ့လည်း ပေါင်းစပ်ဆောင်ရွက်နေပါတယ်။" ဟု အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းက ရှင်းပြသည်။



ဦးထွန်းမြင့်ဦး (ညွှန်ကြားရေးမှူးချုပ်)



ဦးမင်းမင်းထွန်း (ညွှန်ကြားရေးမှူး)

ယမန်နေ့က ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်း အခမ်းအနားကို ကျင်းပခဲ့ပြီး ဝန်ကြီးဌာနအဆင့် အသင်းများမှ အားကစားသမားများသည် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော (အမျိုးသား) စသည့်အားကစားနည်း ခြောက်နည်းကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမျိုးသား အားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**



အမျိုးသားအားကစားပွဲတော် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

မစ္စတာချင်ဒမ်ဘရာ (ဘာမင်ဂမ်)က စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး၊ မစ္စတာဘာနာဂျီ (မဟာဝိဇ္ဇာ-လန်ဒန်)က ဘောဂဗေဒ၊ ဒီးဒုတ်ဦးဘချိုက ကထိကအဖြစ် သင်ကြားပို့ချပေးခဲ့ကြသည်။ ဗဟန်းကောလိပ်ဟု အမည်တွင်သော အမျိုးသားကောလိပ်တွင် မြန်မာ့သမိုင်းနှင့် မြန်မာစာကိုလည်း အလေးထားသင်ကြားပေးသည်။ အမျိုးသားရေးအစဉ်အလာများကို တန်ဖိုးထားတတ်စေရန်၊ ကျွမ်းကျင်တတ်မြောက်စေရန် ဖော်ထုတ်သင်ကြားပေးသဖြင့် ယင်းပညာရေးကို သခင်ပညာရေးဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။

ဆိုရလျှင် ၁၉၂၀ ပြည့်နှစ် အရေးတော်ပုံနှင့်အတူ ပညာရေးကောင်စီနှင့် အမျိုးသားကောလိပ်တို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားကျောင်းများ အများအပြား ပေါ်ထွက်လာသည်အထိ ပညာရေးကဏ္ဍတွင် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လာသည့်အပြင် မြန်မာပြည်သူလူထုအတွင်း၌လည်း နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များ အပြင်းအထန် ပေါ်ပေါက်လာစေခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသောလှုပ်ရှားမှုကြီး ဖြစ်ခဲ့သည်။

သို့ဖြင့် ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေ(GCBA) အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ကန့်ကွက် ဆန္ဒပြသပိတ်မှောက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့၊ တစ်နည်းအားဖြင့် ဗြိတိသျှနယ်ချဲ့အစိုးရအပေါ် အောင်ပွဲခံခဲ့သောနေ့ဖြစ်၍ အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့သည်။ အမျိုးသားရေးလက္ခဏာများ ပို၍ပေါ်လွင်ထင်ရှားစေရန်နှင့် အမျိုးသားအောင်ပွဲနေ့၏ အဓိပ္ပာယ် ပိုမိုပြည့်စုံပေါ်လွင်စေရန် အင်္ဂလိပ်ပြက္ခဒိန်ရက်ဖြစ်သော ဒီဇင်ဘာ ၅ ရက်ကို မသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့အဖြစ်သာ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ အမျိုးသားအောင်ပွဲနေ့ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ၁၉၂၂ ခုနှစ်မှစ၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို မြန်မာပြည်သူအပေါင်းက အမြို့မြို့အနယ်နယ်တွင် အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် အမြတ်တနိုး လေးစားတန်ဖိုးထား၍ ဂုဏ်ယူခမ်းနားစွာကျင်းပခဲ့ကြသည်။ ထို့ကြောင့် အမျိုးသားအောင်ပွဲနေ့ကို ၁၉၃၄ ခုနှစ်မှစ၍ ကျောင်းပိတ်ရက်အဖြစ်လည်းကောင်း၊ ၁၉၃၈ ခုနှစ်မှစ၍ ရုံးပိတ်ရက်အဖြစ်လည်းကောင်း ပြဋ္ဌာန်းပေးခဲ့သည်။

ဗြိတိသျှနယ်ချဲ့အစိုးရ၏ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်၍ သခင်ပညာရေး၊ အမျိုးသားပညာရေးကို တောင်းဆိုခဲ့ကြသော ၁၉၂၀ ပြည့်နှစ် အရေးတော်ပုံလှုပ်ရှားမှုကြီးတွင် ဦးဆောင်ပါဝင်ခဲ့သူ ကျောင်းသားခေါင်းဆောင်ကြီး ဦးထွန်းဖေက **"မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဟာ သူတို့ခေတ်က စပြီး လက်ဆင့်ကမ်းပြေးပွဲလို စတင်ခဲ့တယ်"**ဟု ပြန်ပြောင်းပြောဆိုခဲ့ဖူးသည်။

မှန်ပါသည်။ မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ ကျူးကျော်သိမ်းပိုက်ခဲ့သည့် အချိန်မှစ၍ တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုသမိုင်းဖြစ်စဉ်များတွင် ၁၉၂၀ ပြည့်နှစ် အမျိုးသားရေးပညာရေးလှုပ်ရှားမှုဖြစ်စဉ်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အထင်ကရ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့သည်။

ထို ၁၉၂၀ ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှားမှု ဖြစ်စဉ်ကြီးမှ တဖွားဖွားပေါ်ထွက်လာသော ဝံသာနုမျိုးချစ်စိတ်ဓာတ်ဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ကာ လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့ကြ၍ မြန်မာပြည်သည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးအောင်ပန်းကို ပြန်လည်ရယူ ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

လက်တင်ဘာသာ Patria နှင့် ဂရိစကား Patritha တို့မှ ဆင်းသက်လာသော အင်္ဂလိပ်ဝေါဟာရစကားလုံး Patriotism ဟူသည်မှာ မိမိနိုင်ငံကို ချစ်မြတ်နိုးခြင်းဟူသည့် အဓိပ္ပာယ်ရပါသည်။ မိမိနိုင်ငံကို ချစ်မြတ်နိုးသူ မြန်မာနိုင်ငံသားများအနေဖြင့် "**အမျိုးသားနေ့ တို့မမေ့**"ဟူသည့်အတိုင်း အမျိုးသားအောင်ပွဲနေ့ကို မမေ့သင့်ပေ။

သို့ဖြင့် ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် **"ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့"** ဆောင်ပုဒ်နှင့်အတူ **"တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး"** စသည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ ရည်မှန်းချက်များ အောင်မြင်ပေါက်ရောက်စေရေးအတွက် နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ကိုးကား -**

**တို့ဗမာအစည်းအရုံးသမိုင်း(ပထမတွဲ)**

**မြဟန်၏ "ကိုလိုနီခေတ် မြန်မာ့သမိုင်း အဘိဓာန်မှ အမျိုးသားနေ့"**

# အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားအဖွဲ့များ လေ့ကျင့်ပြင်ဆင်နေမှုများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ပုသိမ် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် သက်ဆိုင်ရာ အားကစားနည်းများအလိုက် စခန်းသွင်း လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များ၏ လေ့ကျင့်ပြင်ဆင်နေမှုများကို နိုဝင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းသို့ သွားရောက်၍ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်နေသည့် အမျိုးသမီးဘော်လီဘောအသင်း၏ လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုနှင့် အမျိုးသားဘော်လီဘောအသင်း၏ လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။





ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုးသိန်းဘောလုံးအားကစားကွင်း၌ လက်ရည်စမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် လက်ဝှေ့အားကစားအဖွဲ့၏ လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်းကောင်း၊ ပြေးခုန်ပစ်ပြိုင်ပွဲဝင်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်းကောင်း၊ အမျိုးသမီးဘောလုံးအသင်း၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ စားပွဲတင်တင်းနစ်၊ ဝူရှူးအားကစားသမားများ၏ လေ့ကျင့်ပြင်ဆင်နေမှုများကို လှည့်ပတ်ကြည့်ရှုခဲ့ပြီး စံချိန်ကောင်းများရရှိရန် ကြိုးစားကြစေလိုကြောင်း၊ နည်းပြများက စနစ်တကျ လေ့ကျင့်ပြင်ဆင်ပေးစေလိုကြောင်း၊ အစားအသောက်နှင့် ကျန်းမာရေး အထူးဂရုစိုက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ဆက်လက် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာ ကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် (၁၄၁)မှ အတွဲအမှတ် (၂၈၀)အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



ယင်းနောက် ပုလဲအတွဲအမှတ် (၁၄၁)မှ အတွဲအမှတ် (၂၈၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများကဖွင့်ဖောက် စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၀၀ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယကက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးမည်ဖြစ်ပြီး အဆိုပါကျောက်မျက်အတွဲများအတွက် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာ ကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာ ကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ အုပ်စု(အေ၊ဘီ၊စီ) အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်း အတွဲပေါင်း ၄၈၀၀ အနက် အုပ်စု(အေ)နှင့် အုပ်စု (ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ် ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာ ကဏ္ဍနှင့် မြန်မာ့ပုလဲရတနာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**အေးအေးသန့်**
**ဓာတ်ပုံ-ဖိုးပြည့်စုံ**

# သပြေချောင်းနှင့် ရွှေမြို့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော ဆင်သေချောင်းကူး ယာယီဘေလီထန်းတံတား ပြီးစီး

**တပ်ကုန်း နိုဝင်ဘာ ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ စက်တင်ဘာလအတွင်းက မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် သပြေချောင်းကျေးရွာအုပ်စုနှင့် ရွှေမြို့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော အနီးပတ်ဝန်းကျင်ကျေးရွာပေါင်း ၁၅ ရွာကို အကျိုးပြုနေသည့် ဆင်သေချောင်းကူး စိန်ရွှေတံတား အကျယ် ၁၃ ပေ၊ အရှည် ပေ ၃၆၀ ရှိ သံပေါင်သစ်သားတံတားသည် ရေတိုက်စား ပျက်စီးသွားသည့်အတွက် ကျေးရွာအုပ်စု နှစ်အုပ်စုမှ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန် ယာယီဘေလီထန်းတံတားကို ရွှေမြို့ကြီး ဂိုဏ်းထောက်ကျောင်း ဆရာတော်ဦးဆောင်၍ ကျေးရွာပြည်သူများနှင့်အတူ ဆောက်လုပ်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်သဖြင့် အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



“ယာယီ ဘေလီတံတားကို ထန်းသားတွေ အသုံးပြုပြီး တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဘုန်းဘုန်းဦးဆောင်ပြီး ရွှေမြို့ရဲ့စခန်းက တပ်ဖွဲ့ဝင်တွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ကျေးရွာသူ ကျေးရွာသားတွေပါဝင်တဲ့ တံတားဖြစ်မြောက်ရေး ကော်မတီအဖွဲ့ ဖွဲ့ပြီးတော့ ကိုယ့်အားကိုယ်ကိုးနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တံတားကြီး ရေနောက်ပါ ပျက်စီးသွားပြီးနောက် ချောင်းကူးပြီး ကျောင်းလာတက်ရတဲ့ ကျောင်းသား ကျောင်းသူတွေ ကျောင်းမတက်နိုင်ဘဲ တစ်လကျော် ကျောင်းပိတ်ထားခဲ့ရတယ်။ ဘုန်းဘုန်းတို့အနေနဲ့လည်း အရှေ့ဘက်က သပြေချောင်းကျေးရွာ အလှူအတန်း၊ သာရေး၊ နာရေးကိစ္စတွေမှာ ငါးမိနစ်လောက်သွားရမှာကို အချိန်တစ်နာရီကျော်ပေးပြီး ပတ်သွားနေရပါတယ်။ ရွှေမြို့ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံရှိတဲ့အတွက် ဒီတံတားကိုအားကိုးပြီး ဆေးရုံကို ကျန်းမာရေးအတွက် လာကြတဲ့သူတွေလည်း တံတားမရှိတော့ တော်တော်အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က တံတားကြီး ပြန်လည်မတည်ဆောက်ပေးခင်မှာ အခုလို ယာယီဘေလီတံတား တစ်စင်း ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်” ဟု နေပြည်တော်တိုင်း ဘ/က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရွှေမြို့ကြီး ဂိုဏ်းထောက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဉာဏိဿရက မိန့်ကြားသည်။

အဆိုပါ ယာယီဘေလီထန်းတံတားကို အောက်တိုဘာ ၇ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ တံတားအရှည်ပေ ၃၈၀၊ အကျယ် ၁၃ ပေနှင့် ခံနိုင်ဝန်မှာ နှစ်တန်ဖြစ်ပြီး စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-**
**မောင်မွေး**

** ကျောဖုံးမှ*

အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် နှစ်ရက်အတွင်း ဘင်္ဂလား ပင်လယ်အော်အနောက် တောင်ပိုင်းတွင် မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ **မိုး/ဇလ**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင် သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# Space X အာကာသယာဉ် လွှတ်တင်သည့်အခမ်းအနားသို့ ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့် တက်ရောက်

တက္ကဆက် နိုဝင်ဘာ ၂၀

**အီလွန်မက်စ်၏ Space X ကုမ္ပဏီမှထုတ်လုပ်သော အာကာသယာဉ်လွှတ်တင်သည့်အခမ်းအနားသို့ အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့် တက်ရောက်ခဲ့သည်။**

ထို့ကြောင့် ထရမ့်နှင့် အီလွန်မက်စ်တို့အကြား ရင်းနှီးမှုအတိုင်းအတာ ပိုမိုမြင့်မားလာကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။

Space X သည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ Starship ဒုံးပျံကို နိုဝင်ဘာ ၁၉ ရက်တွင် လွှတ်တင်ခဲ့ရာ ထရမ့်နှင့် အီလွန်မက်စ်တို့ တက်ရောက်ခဲ့ကြသည်။

အီလွန်မက်စ်သည် ဒေါ်နယ်ထရမ့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရွေးကောက်ခံရရေးအတွက် အားပေးကူညီခဲ့သည်။ ထရမ့်သည် အီလွန်မက်စ်ကို အစိုးရအသုံးစရိတ်လျှော့ချရေးနှင့် ပြန်လည်သုံးသပ်ရေးအဖွဲ့အစည်းသစ်၏ ပူးတွဲခေါင်းဆောင်အဖြစ် ခန့်အပ်မည်ဟု လွှန်ခဲ့သည့်သီတင်းပတ်အတွင်းက ကြေညာခဲ့သည်။

ရွေးကောက်ပွဲအပြီး နောက်ပိုင်းရက်များတွင် အီလွန်မက်စ်သည် ထရမ့်၏ ဖလော်ရီဒါတောင်ပိုင်းရှိ Mar-a-Lago အိမ်ရာ၌ အချိန်ကုန်ဆုံးခဲ့သည်။

ထရမ့်နှင့်နိုင်ငံခြားခေါင်းဆောင်များ ဖုန်းခေါ်ဆိုသည့်အခါနှင့် ထရမ့်အစိုးရအဖွဲ့ ဖွဲ့စည်းသည့်အခါ အရေးပါသည့် ရာထူးနေရာများအတွက် ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံမေးမြန်းစဉ် ထရမ့်အနားတွင် အီလွန်မက်စ် ရှိနေခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်အခမ်းအနားတွင် အီလွန်မက်စ်နှင့်အတူ တွေ့ရသည့် ထရမ့်၏အသွင်အပြင်မှာ ၎င်းတို့နှစ်ဦးကြားရင်းနှီးမှုပမာဏ တိုးလာသည်ကို ဖော်ပြနေပြီး ထရမ့်၏ဆုံးဖြတ်ချက်များတွင် အီလွန်မက်စ်၏ လွှမ်းမိုးနိုင်မှုမြင့်မားလာကြောင်း အမေရိကန်အဓိကမီဒီယာကြီးများက ဖော်ပြကြသည်။



အင်န်အိတ်ချ်ကေ

# အာဖရိကဦးချိုရှိ နိုင်ငံ ရှစ်နိုင်ငံ ပုံမှန်ထက်မိုးရွာသွန်းမှုပိုကာ ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ရနိုင်

နိုင်ရိုဘီ နိုဝင်ဘာ ၂၀

အာဖရိကဦးချိုဒေသရှိ နိုင်ငံပေါင်း ရှစ်နိုင်ငံသည် ပုံမှန်ထက် မိုးရွာသွန်းမှုပိုကာ ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ရနိုင်သည်ဟု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိုးရအချင်းချင်း အာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ)၏ရာသီဥတုခန့်မှန်းမှုနှင့် အသုံးချမှုစင်တာ (အိုင်စီပီအေစီ) က နိုဝင်ဘာ ၂၀ ရက်တွင် ပြောသည်။

ယူဂန္ဓာ၊ ကင်ညာ၊ ရဝမ်ဒါ၊ ဘူရွန်ဒီမြောက်ပိုင်း၊ တန်ဇန်းနီးယားမြောက်ပိုင်းနှင့် အလယ်ပိုင်း၊ ဆိုမာလီယာ တောင်ပိုင်းနှင့် မြောက်ပိုင်း၊ အီသီယိုးပီးယား တောင်ပိုင်းနှင့် တောင်ဆူဒန် အရှေ့မြောက်ပိုင်းတို့တွင် ပုံမှန်ထက် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း အိုင်စီပီအေစီက ပြောသည်။



ဘူရွန်ဒီနိုင်ငံ၌ ရေကြီးရေလျှံဖြစ်ပွားမှုကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။

ကင်ညာ၊ တန်ဇန်းနီးယား၊ ရဝမ်ဒါနှင့် ဘူရွန်ဒီနိုင်ငံတို့တွင် မိုးရေချိန် ၂၀၀ မီလီမီတာကျော် အထိ ရှိနိုင်ကြောင်း အေဂျင်စီက ဆက်ပြောသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ နှင့် အိုင်ဂျီအေဒီတို့သည် မကြာသေးမီက အစီရင်ခံစာတစ်ခုတွင် အာဖရိကဦးချိုဒေသ၌ စားရေရိက္ခာမဖူလုံသူပေါင်း ၆၇ သန်း ရှိကြောင်း ဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့် ဘေးအန္တရာယ်အများအပြားက ဒေသတွင်း စားရေရိက္ခာ မဖူလုံမှုကို ပို၍ ဆိုးရွားလာစေသည်ဟု ဆိုသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံသို့ နိုဝင်ဘာလလယ်အထိ နိုင်ငံခြားခရီးသွား သန်း ၃၀ ကျော် စံချိန်တင် လာရောက်လည်ပတ်

**ဘန်ကောက် နိုဝင်ဘာ ၂၀**

ထိုင်းနိုင်ငံသည် နိုဝင်ဘာလလယ်အထိ နိုင်ငံခြားခရီးသွား ၃၀ ဒသမ ၅၆ သန်းကျော် စံချိန်တင် လာရောက်လည်ပတ်မှု ရှိခဲ့ပြီး ယမန်နှစ်ကထက် ၂၉ ရာခိုင်နှုန်း တိုးလာကြောင်းနှင့် တစ်နှစ်အတွင်း မျှော်မှန်းနိုင်ငံခြားခရီးသွား ၃၆ ဒသမ ၇ သန်း ပြည့်မီရန် နီးစပ်လာပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သော တရားဝင်အချက်အလက်များအရ သိရသည်။

နိုင်ငံခြားခရီးသွား ၅ ဒသမ ၉၇ သန်းမှာ တရုတ်ခရီးသွားများဖြစ်ပြီး ထိုင်းနိုင်ငံသို့ ဝင်ရောက်သည့် ကမ္ဘာလှည့်ခရီးသွားများ အနက် အများဆုံးဖြစ်ကြောင်း သိရသည်။ ယင်းနောက်တွင် မလေးရှားနိုင်ငံက ၄ ဒသမ ၃၆ သန်းနှင့် အိန္ဒိယနိုင်ငံက ၁ ဒသမ ၈၂ သန်းဖြင့် အများဆုံးဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။



ခရီးသွားရာသီ နီးကပ်လာသည်နှင့်အမျှ ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း၊ ယခုနှစ်တွင် လက်ရှိအချိန်အထိ နိုင်ငံခြားခရီးသွားများထံမှ ဝင်ငွေဘတ် ၁ ဒသမ ၄၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄၀ ဘီလီယံခန့်) ရရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။ ထို့ပြင် ထိုင်းနိုင်ငံသည် ယခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေဘတ် ၃ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၃၃ ဘီလီယံခန့်) ရရှိရန် မျှော်မှန်းထားသည်။

၂၀၁၉ ခုနှစ် ကပ်ရောဂါမတိုင်မီကာလတွင် ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၃၉ ဒသမ ၉ သန်း လာရောက်လည်ပတ်မှုရှိခဲ့ပြီး ၎င်းတို့ထံမှ ဝင်ငွေဘတ် ၁ ဒသမ ၉၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၆ ဘီလီယံခန့်) ရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပိုမိုကောင်းမွန်သောအနာဂတ်အတွက် ဆက်လက်ကြိုးပမ်းကြရန် တောင်းဆိုပြီး နှစ်ရက်ကြာ ဂျီ -၂၀ ထိပ်သီးအစည်းအဝေးအဆုံးသတ်

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၀**

ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ဆက်လက်ကြိုးပမ်းကြရန် တောင်းဆိုမှုနှင့်အတူ နှစ်ရက်ကြာကျင်းပသည့် ဂျီ -၂၀ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို အဆုံးသတ်ခဲ့သည်။

တရားမျှတသောကမ္ဘာနှင့် ရေရှည်တည်တံ့သောကမ္ဘာကြီးကို ဆက်လက် တည်ဆောက်ကြပါစို့ဟု ဘရာဇီးသမ္မတ လူဝီအနာစီယိုလူလာ ဒါ ဆယ်လ်ဗာက ပြောသည်။

### ဖွံ့ဖြိုးဆဲနိုင်ငံများကိုထောက်ပံ့ကူညီသွားမည်

ဂျီ-၂၀ ထိပ်သီးခေါင်းဆောင်များက ကမ္ဘာ့မညီမျှမှုကိုအဆုံးသတ်ရန် တောင်းဆိုခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို ထောက်ပံ့ကူညီသွားမည်ဟု ကတိပြုခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက်က ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

မညီမျှမှုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှု၏အရင်းခံဖြစ်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွင် ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်ခေါင်းပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ပါဝင်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

### နိုင်ငံ့စုံကုန်သွယ်ရေးစနစ်ကိုအာမခံရန်လိုအပ်

နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ ဂျီ -၂၀ ထိပ်သီးခေါင်းဆောင်များ၏ ယခုနှစ်ကြေညာချက်သည် ယခင်နှစ်များနှင့်မတူဘဲ အကာအကွယ်ပေးရေးဝါဒကို ပြတ်သားစွာ တွန်းအားပေးခြင်းမျိုးမရှိချေ။ ယင်းအစား တရားမျှတပြီး ပွင့်လင်းသော နိုင်ငံ့စုံကုန်သွယ်ရေးစနစ်ကို အာမခံရန် လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်က ဆီးရီးယားအရှေ့ပိုင်းကို လေကြောင်းမှတိုက်ခိုက် ငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရ

**ဒမတ်စကတ် နိုဝင်ဘာ ၂၀**

အမေရိကန်က ဆီးရီးယားနိုင်ငံအရှေ့ပိုင်းကို လေကြောင်းမှတိုက်ခိုက်မှုပြုလုပ်ရာ အီရန်ကျောထောက်နောက်ခံ ပြည်သူ့စစ်အဖွဲ့ဝင် ငါးဦးသေဆုံးပြီး အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

အမေရိကန်စစ်လေယာဉ်များသည် ဒါးအက်ဇ်ဇောပြည်နယ်ရှိ အယ်ကာရီယာသဲကန္တာရတွင် ပြည်သူ့စစ်များစုဝေးနေမှုကို ပစ်မှတ်ထားခဲ့ကြောင်း ဗြိတိန်အခြေစိုက် လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ အီရန်လိုလားသည့် ပြည်သူ့စစ်အဖွဲ့က ပစ်လွှတ်လိုက်သော ဒုံးကျည်တစ်စင်းသည် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အယ်ဟာဆာခါပြည်နယ် ကျေးလက်ဒေသတစ်ခုရှိ အမေရိကန်အခြေစိုက်စခန်းတစ်ခုအနီးသို့ကျရောက်ပြီးနောက် ယင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အမေရိကန်တပ်ဖွဲ့နှင့် အီရန်ကျောထောက်နောက်ခံအဖွဲ့တို့အကြား တင်းမာမှုမြင့်တက်လျက်ရှိသည်။

**ဆင်ဟွာ**

# အလယ်အလတ်အဆင့်/ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်-၁၀၂ သင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတို့တွင် ဖွင့်လှစ်သည့် အလယ်အလတ်အဆင့် /အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်-၁၀၂ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက သင်တန်းတွင် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးဝင်ပြီး လုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သည်များကို သင်ကြားပို့ချပေးခဲ့သဖြင့် ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် ဝန်ထမ်းဆိုင်ရာများကို ပိုမိုသိရှိနားလည်စေခြင်း၊ ပြည်သူ့ဘဏ္ဍာငွေကြေးကိုင်တွယ်သုံးစွဲစီမံရာတွင် စနစ်တကျ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်တတ်စေခြင်း၊ စာရင်းပြုစုနည်းလမ်းများကို တိကျမှန်ကန်စွာဖြင့် အမှားအယွင်းကင်းစွာ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ရာ သင်တန်းသားများအနေဖြင့် လေ့လာသင်ယူခဲ့မှုများကို စဉ်ဆက်မပြတ် ကိုယ်တိုင်(Self–Study) ဆက်လက်ဆည်းပူးသွားကြရန် မှာကြားသည်။

သင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းစုစုပေါင်း ၃၂၃ ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် ဌာနဆိုင်ရာဝန်ထမ်း ၁၄၄ ဦး စုစုပေါင်း ၄၆၇ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ သစ်တောဦးစီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသားများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသားများက Online ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၂၀**

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ (၂၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တီမောလက်စ်တေလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ကာ ဒီလီမြို့တွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ Hybrid ပုံစံဖြင့် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံးအရာထမ်းတို့က Online Platform မှ တက်ရောက်ကြပြီး ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များက In person တက်ရောက်ခဲ့ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ ၂၀၂၄ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Mr. Virgilio da Silva Guterres က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဖိုရမ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင်အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ်နှင့်စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင်များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဖိုရမ်၏ Rules of Procedure (RoP) ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ အကျဉ်းသားများ လွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ထိုင်ဝမ် အမျိုးသားလူ့အခွင့်အရေးကော်မရှင်က Right Con ခေါင်းစဉ်ဖြင့် ကျင်းပမည့်ဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်းဆိုင်ရာကိစ္စရပ်၊ သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကိစ္စရပ်နှင့် မလေးရှားနိုင်ငံ Sabah ပြည်နယ်ရှိ နိုင်ငံမဲ့ဖြစ်နေသူများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်(APF) နှင့် ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေးဆိုင်ရာအဖွဲ့ (APT) တို့နှင့် ဖိုရမ်တို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဖိုရမ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးပြီး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးသည်။

နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ၂၀၂၅ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က လွှဲပြောင်းပေးအပ်သည်။

နိုဝင်ဘာ ၂၀ ရက်တွင် ဖိုရမ်၏ဆက်စပ်ဆွေးနွေးပွဲကို "အရှေ့တောင်အာရှဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကောင်းမွန်သောအလေ့အကျင့်များနှင့် အတွေ့အကြုံများ မျှဝေခြင်း" ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ တီမောလက်စ်တေနိုင်ငံ သမ္မတ H.E. Dr. Josè Ramos–Horta တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ဘာသာရပ်ဆိုင်ရာ ပညာရှင်များတက်ရောက်ပြီး ဆွေးနွေးပွဲအကြောင်းအရာနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်



**ဗီယက်နမ် နိုဝင်ဘာ ၂၀**

(၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အရာရှိကြီးများ အစည်းအဝေး (21st SOMRI) နှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ Quang Ninh ပြည်နယ် Ha Long City ၌ ကျင်းပလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ယမန်နေ့ နံနက်ပိုင်းက ဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးမှုနှင့် Virtual Assistant နှင့် စပ်လျဉ်းသည့် ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲကို Vin–pearl Resort & Spa Ha Long ၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Nguyen Manh Hung နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးစန်းလွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့ တာဝန်ရှိသူများ၊ အာဆီယံ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ITU ၊ AIBD နှင့် UNESCO တို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တု နည်းပညာဖွံ့ဖြိုးလာမှုနှင့် အများအကျိုးရှိစေမည့် ကဏ္ဍများတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေး အစီအစဉ်များ၊ ဆွေးနွေးပွဲများနှင့် အရည်အသွေးမြှင့်တင်သည့် သင်တန်းများကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ (၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အရာရှိကြီးများ အစည်းအဝေးကို "Media: From Information to Knowledge for a Resilient and Responsive ASEAN" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့သည်။

**သတင်းစဉ်**

# ကျောက်ဆည်ခရိုင်၌ မိုးနှောင်းချည်မျှင်ရှည်ဝါများ ထွက်ရှိ၍ အရောင်းအဝယ်ဖြစ်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ သီးနှံမျိုးစုံစိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၁၃၃၂၅ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၉၄၂၇ ဧက၊ မြစ်သားမြို့နယ်၌ ဧက ၅၃၀၀၊ စုစုပေါင်း ၂၈၀၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါများကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ရိတ်သိမ်းရကြောင်း၊ ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုအနေဖြင့် ပေါင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် အိန္ဒိယ(ရာကာ) မျိုးများဖြစ်သော ၃၃၃ လုံး၊ ၆၆၆ လုံးနှင့် ၉၉၉ လုံးမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဝါမျိုးစေ့ ၁၂-၁၃ ပိဿာခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ချည်မျှင်ရှည်ဝါ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၄၀၀-၅၀၀ ခန့် ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀-၃၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိရာ တစ်ဧကလျှင် ငွေကျပ် ၈၅၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ဝါအထွက်နှုန်းကောင်းမွန်လျက်ရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရလျက်ရှိကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA(မန္တလေး)**

# မင်းဘူးမြို့နယ်၌ ခရမ်းသီးဈေးကောင်းရ၍ တောင်သူများအကျိုးအမြတ်ရ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကျောက်တန်းကျေးရွာတွင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ခရမ်းသီးကို တစ်ရာသီလုံး မြေအောက် ရေတင်စနစ်ဖြင့် ကိုးဧကခန့်စိုက်ပျိုးထားကြောင်းသိရသည်။

ခရမ်းသီးကို စက်တင်ဘာလတွင် ပျိုးထောင်၍ စိုက်ပျိုးရပြီး နိုဝင်ဘာလတွင် စတင်ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ခရမ်းသီး (အလုံးကြီး) မျိုးနှင့် ခရမ်းသီး (ဆင်စွယ်) မျိုးတို့ကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ၁၇ ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကို ပျိုးအိတ်ဖြင့် ပျိုးထောင်ပြီး ၁၅ ရက်သားသက်တမ်းအရွယ်တွင် အတန်းလိုက်စနစ်ဖြင့် မြေချစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၁၁၀၀-၁၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ခရမ်းသီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀-၄၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၉၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဒေသတွင်းရှိ ကုန်စိမ်းပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့် မကွေး၊ စလင်း၊ ဆင်ဖြူကျွန်းမြို့များသို့ တင်ပို့ကြောင်း၊ ယခုရာသီတွင် မိုးများ၍ ခရမ်းသီးအထွက်နှုန်း အနည်းငယ်လျော့နည်းသော်လည်း ဈေးနှုန်းကောင်းမွန်သောကြောင့် တောင်သူများ အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**DOCA (မကွေး)**

# မြို့သစ်မြို့နယ်၌ ကုလားပဲသီးနှံများ စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ဖန်ခါးပင်၊ စစ်တလင်း၊ ကွင်းကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် သီးနှံများကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကိုလည်း ဧက ၁၅၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကုလားပဲသီးနှံကို အောက်တိုဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလပထမပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ကုလားပဲ(ဟော်လန်)မျိုးနှင့် ကုလားပဲ(929) မျိုးများကို တစ်ဧကလျှင် မျိုးစေ့ ၁၂ ပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲကာ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ကုလားပဲ ၁၂-၁၆ တင်းခန့်ထွက်ရှိပြီး ပဲတစ်တင်းလျှင် ငွေကျပ် ၇၈၀၀၀-၈၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင်ငွေကျပ် ၆၀၀၀၀၀ ကျော် အမြတ်ရရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလဒုတိယပတ်တွင် ကုလားပဲ(ဟော်လန်) တစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀-၉၆၅၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ငွေကျပ် ၉၆၀၀၀-၉၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ကုလားပဲသီးနှံထွက်ပေါ်သည့် ရာသီမဟုတ်သောကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့တင်ပို့ကြောင်း၊ ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်၊ မုန့်လုပ်ငန်းရှင်များမှလည်း ဝယ်ယူကြကြောင်း၊ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် သီးနှံအထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA(မကွေး)**

# မအူပင်မြို့နယ်၌ စံပယ်ဖြူပန်းကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ စလင်းဒေါင့်ကျေးရွာနှင့် အောင်ဟိတ်ကျေးရွာများတွင် ဂန္ဓမာပန်း၊ ကြယ်တာရာပန်း၊ နှင်းဆီပန်း၊ ပန်းထိမ်ငိုပန်းစသည့် ပန်းမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဂန္ဓမာမျိုးစိတ်တစ်ခုဖြစ်သည့် စံပယ်ဖြူပန်းကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ၁၂၈ ဧကကျော် စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စံပယ်ဖြူပန်းကို အောက်တိုဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလနောက်ဆုံးပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် စံပယ်ဖြူပန်းမျိုးကို အပင်တစ်ပင်လျှင် ငွေကျပ် ၂၀ နှုန်းဖြင့် တောင်ကြီးဘက်မှ ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် အပင်တစ်သောင်းခန့် စိုက်ပျိုးရကြောင်း၊ စံပယ်ဖြူပန်းကို တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ပန်းပင်အရေအတွက် ၆၀၀ ခန့်ရရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ကိုးသိန်းခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်လလျှင် ပန်းပင်အရေအတွက် ၉၀၀၀-၁၀၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စံပယ်ဖြူပန်းလက်ကားဈေးတစ်ပင်လျှင် ငွေကျပ် ၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ကိုးသိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မအူပင်မြို့၊ ကျိုက်လတ်နှင့် မော်ကျွန်းမြို့တို့သို့ တင်ပို့ရောင်းချပြီး ဒေသခံတောင်သူများအနေဖြင့် ပန်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားလျက်ရှိသောကြောင့် ပန်းမျိုးစုံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ပန်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA(ဧရာဝတီ)**

## ၂၀-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဇစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၈၀၀၀ | ၁၀၃၉၃ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၈၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၈၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၃၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၃၇၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၈၆၁ | ၁၅၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၁၁၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၈၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၇၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၀၅၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၀၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၀၅၀၀ | ၄၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၄၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၅၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၉၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၅၀၀ | ၅၁၅၀ | ၂၆၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# နွဲ့စို့တူပျော် အမျိုးသားအားကစားပွဲတော်

**ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်သည် ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများမှ အားကစားအသင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားအဆင့် အားကစားပွဲတော်ကြီးဖြစ်သည်။**

ကျော်ထက်ဇော်



မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်ကို ပထမဆုံးအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်က ရန်ကုန်မြို့၌ မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အားကစားပြိုင်ပွဲများကို

(၁) ဝန်ကြီးဌာနများအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊

(၂) တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ တိုင်း/တပ်မဌာနချုပ်များ၊ တက္ကသိုလ် (အထက်/ အောက် မြန်မာပြည်) အဆင့်နှင့်

(၃) တိုင်းနှင့် ပြည်နယ် အခြေခံကျောင်းသားအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအရပ်ရပ်တွင် အားကစားနည်း ၂၂ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်းပေါင်း ၇၂ သင်း၊ ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၁၀၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားအားကစားပွဲတော်ကို မူလက နှစ်နှစ်တစ်ကြိမ်ကျင်းပရန် ရည်ရွယ်ခဲ့သည့်အတိုင်း ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့မှာပင် ကျင်းပခဲ့သည်။ ဒုတိယအကြိမ်တွင် ဝန်ကြီးဌာနများအဆင့်၊ တိုင်းနှင့် ပြည်နယ်အဆင့်ဟူ၍ အဆင့်နှစ်ဆင့်သာ ခွဲခြားလျက် အားကစားနည်း ၂၄ မျိုးတွင် ပြိုင်ပွဲဝင် အသင်းပေါင်း ၄၀၊ ပြိုင်ပွဲဝင် အားကစားသမား ၈၇၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ငါးနှစ်ခြားလျက် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် သီတင်းနှစ်ပတ်ကြာ ကျင်းပခဲ့သည်။ ပြိုင်ပွဲကို ဝန်ကြီးဌာနများ အဆင့်၊ တိုင်းနှင့် ပြည်နယ်၊ တက္ကသိုလ်များ (အထက်/ အောက်) ဟူ၍ အဆင့် နှစ်ဆင့်ခွဲကျင်းပခဲ့ပြီး အားကစားနည်း ၂၉ မျိုး၌ ပြိုင်ပွဲဝင်အသင်း ၅၅ သင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၁၁၃၇၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

တတိယအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပပြီး ၁၈ နှစ်ခန့်ကြာ ဆက်လက်မကျင်းပဖြစ်တော့ဘဲ စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၈ ရက်နေ့အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျင်းပခဲ့သည်။ ထိုစဉ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလွတ်တန်းအဆင့် တစ်မျိုးတည်းကိုသာ အားကစားနည်း ၂၇ မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုးထည့်သွင်းကျင်းပနိုင်ခဲ့ပြီး ပြိုင်ပွဲဝင် အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင် အားကစားသမား ၄၃၆၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၏ ထူးခြားချက်မှာ ပြိုင်ပွဲ၏ ပွဲစဉ်အချို့ကို ထိုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ကတည်းကပင် စတင်ကျင်းပခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် မြန်မာနိုင်ငံ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းကာ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သည့်အလျောက် နိုင်ငံတကာပြိုင်ပွဲများတွင် အထိုက်အလျောက်အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့ပြီဖြစ်သလို နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့ရုံမက တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများကိုလည်း လစဉ်ထောက်ပံ့ကြေးများ၊ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်သည်။

**အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ **"အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့် ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်"** ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ပြန်လည်ကျင်းပမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို -

(၁) နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေး၊

(၂) ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ ပြိုင်ပွဲများတွင် အားကစားအဆင့်အတန်း မြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊

(၃) နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊

(၄) ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊

(၅) အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေးဆိုသည့် ရည်ရွယ်ချက် (၅) ရပ်နှင့်အညီ ကျင်းပသွားမည် ဖြစ်သည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား) နှင့် ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲဟူ၍ အားကစားနည်းခြောက်မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘတ်စကက်ဘော(အမျိုးသား)၊ ကြက်တောင် (အမျိုးသား/ အမျိုးသမီး)၊ ဘိလိယက်/စနူကာ (အမျိုးသား)၊ လက်ဝှေ့(အမျိုးသား)၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု (အမျိုးသား/ အမျိုးသမီး)၊ ခရစ်ကက် (အမျိုးသား)၊ ဘောလုံး (အမျိုးသား/ အမျိုးသမီး)၊ ဖူဆယ် (အမျိုးသား/ အမျိုးသမီး)၊ ဂေါက်သီး (အမျိုးသား)၊ ဂျူဒို (အမျိုးသား/ အမျိုးသမီး)၊ ကရာတေး(အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)၊ ရေကူး (အမျိုးသား/ အမျိုးသမီး)၊ စားပွဲတင်တင်းနစ်(အမျိုးသား/အမျိုးသမီး)၊ တိုက်ကွမ်ဒို (အမျိုးသား/ အမျိုးသမီး)၊ တင်းနစ် (အမျိုးသား)၊ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး)၊ မြန်မာ့သိုင်း (အမျိုးသား/အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ဗိုဗီနမ် (အမျိုးသား/ အမျိုးသမီး)၊ အလေးမ (အမျိုးသား/ အမျိုးသမီး)၊ ဝူရှူး(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲဟူ၍ အားကစားနည်း ၂၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၈၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်းလေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဂေါက်သီးရိုက် (အလွတ်တန်း)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဘောလုံး (အမျိုးသား)၊ ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး)၊ ဘော်လီဘော (အမျိုးသား)၊ နှင့် ဖူဆယ် (ဘောလုံး) (အမျိုးသား)တို့တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၁၁၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးသာမက တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်ရန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့က စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကိုလည်း မီဒီယာများမှတစ်ဆင့် ပြည်သူများ သိရှိနေကြပြီးဖြစ်သလို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်းသယ်ဆောင်ခြင်း၊ ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်အကအလှများနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲအထိမ်းအမှတ် မီးရှူး၊ မီးပန်းများ အလှဆင်ပစ်ဖောက်ခြင်းအစီအစဉ်များ အပါအဝင် နိုင်ငံတော်အဆင့်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မန္တလေးတိုင်းဒေသကြီးက ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးက တတိယ စသည်ဖြင့် ဆုတံဆိပ်များ အသီးသီး ဆွတ်ခူးရရှိသွားခဲ့ရာ ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်လည်း အောင်မြင်မှု ရရှိခဲ့ကြသည့် အသင်းကြီးများက ဆက်လက်အောင်မြင်မှုရရှိရေး၊ အောင်မြင်မှုမရရှိခဲ့သေးသည့် အထူးသဖြင့် ပြည်နယ်အသင်းများကလည်း ယခုတစ်ကြိမ်တွင် အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း၊ နိုင်ငံတော်ကလည်း အားကစားထူးချွန်သူများအား ဆုတံဆိပ်၊ ဆုချီးမြှင့်ငွေများဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရုံသာမက ဝန်ထမ်းဖြစ်ပါက ရာထူးအဆင့်တိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းမဟုတ်ဘဲ အလုပ်အကိုင် လိုအပ်သူဖြစ်ပါက အလုပ်ခန့်ထားပေးခြင်းများဖြင့် ထပ်ဆင့်ချီးမြှင့်မှုများ ပြုလုပ်ပေးမည်ဖြစ်ပေရာ နိုင်ငံတစ်ဝန်းမှ အားကစားဝါသနာရှင်များ၊ အားကစားသမားများသာမက ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများပါ ပါဝင်ယှဉ်ပြိုင်ကြရင်း မိမိတို့၏ အားကစားအရည်အချင်းကို မြှင့်တင်ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးသာမက တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက် အားပေးကြည့်ရှုနိုင်ရန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီတို့က စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိ**

**ရည်ညွှန်း -**
**(၁) နေ့စဉ်ထုတ်သတင်းစာများ**
**(၂) Wikipedia**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၇၃၂၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့ မိုးကောင်းတံတားထိပ်၌ မိုးကောင်းမြို့မှ နမ္မတီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီခြောက်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၂၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Landcruiser တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၁၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တံတားကျိုးစုပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဟသ်ာအဝိုင်းပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Vanette Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ကုန်မာတန်းလမ်းသွယ် (၁)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၇၃၆၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၉၃၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ ဘုရားကိုးဆူအနီး ဟိုပုံး View Point နှင့် ဟိုပုံးရေထွက်အနီးတို့၌ ရပ်တန့်ထားသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၁၁၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mam Truck တစ်စီး၊ Hino Profia Truck တစ်စီး နှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၁၁၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ကြက်ဒိုင်ဆိပ်ကမ်းအနီး မြစ်ကမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၅၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ ဖောင်ကြီး အနောက်ကျေးရွာအုပ်စု၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ဝ၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်နှင့် လယ်ဝေးခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၂၉၂ တန်၊ အခြားသစ် ဝ ဒသမ ၇၉၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၃၃၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၂၆၈၁၉၄)ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် တရားမဝင်တင်သွင်းလာသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများတွေ့ရှိရ၍ ၎င်းကုန်ပစ္စည်းများအနေဖြင့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိနိုင်ခြင်း၊ ကုန်စည်အတုအပဖြစ်နိုင်ခြင်းနှင့် အရည်အသွေး အာမခံချက်မရှိနိုင်ခြင်းတို့ကြောင့် သုံးစွဲသူ ပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေခြင်းနှင့် အသက်ဘေးအန္တရာယ်များ ကျရောက်စေသည်အထိ ထိခိုက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခု ထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အာဆီယံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အိမ်ရှင်ဖိလစ်ပိုင်အရေးနိမ့်သဖြင့် မြန်မာအသင်း တတိယနေရာလုပွဲ ကစားခွင့်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပရာ အိမ်ရှင်ဖိလစ်ပိုင်အသင်းသည် အင်ဒိုနီးရှားအသင်းကို အရေးနိမ့်ခဲ့သဖြင့် တတိယနေရာလုပွဲ ကစားခွင့်ရရှိခဲ့သည်။

အုပ်စုနောက်ဆုံးနေ့တွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး - ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ဖိလစ်ပိုင်ကို အနိုင်ကစားခဲ့သဖြင့် မြန်မာအသင်းအနေဖြင့် တတိယလုပွဲကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ဖိလစ်ပိုင်အသင်းမှာမူ သရေကစားနိုင်ရုံဖြင့် တတိယလုပွဲကစားခွင့်ရမည်ဖြစ်သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ်အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဗိုလ်လုပွဲကစားခွင့်ရခဲ့ပြီး အင်ဒိုနီးရှားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုတတိယ၊ မြန်မာအသင်းက တစ်မှတ်ဖြင့် အုပ်စုစတုတ္ထရရှိကာ တတိယလုပွဲကစားခွင့်ရခဲ့သည်။ အိမ်ရှင်ဖိလစ်ပိုင်အသင်းသည် တစ်မှတ်ရသော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး အမှတ်အများဆုံးနှစ်သင်းက ဗိုလ်လုပွဲ၊ အဆင့် ၃ နှင့် ၄ နေရာရ အသင်းက တတိယလုပွဲကစားခွင့်ရခြင်းဖြစ်သည်။

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်း၊ ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## MNL ယူ-၂၀ လိဂ်တွင် အား/ကာသိပ္ပံအသင်း သရေပွဲကြောင့် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၄) ဒုတိယနေ့ကို နိုဝင်ဘာ ၂၀ ရက်က ဆက်လက်ကျင်းပရာ တောင်ဒဂုံကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ဒုတိယနေရာမှ အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရပါက ချန်ပီယံဆုအတွက် လက်ကျန်ပွဲများ စောင့်ကြည့်ရမည်ဖြစ်သော်လည်း အနိုင်မကစားနိုင်ဘဲ သရေကျခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်နှစ်ပွဲအလိုတွင် ခုနစ်မှတ်အသာဖြင့် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက Dagon Port အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် သရေကျခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**

## နိုဝင်ဘာ ၂၂ ရက်ကျင်းပမည့် ONE Friday Fights 88 ပြိုင်ပွဲတွင် ထွန်းမင်းအောင် တွဲဆိုင်းပါဝင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Friday Fights 88 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ထွန်းမင်းအောင် တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။



ထွန်းမင်းအောင်သည် မော်ရိုကိုဖိုက်တာ ဇာဟီဒီနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ၎င်းအတွက် တတိယမြောက်ပွဲလည်း ဖြစ်သည်။ ထွန်းမင်းအောင်သည် ယခုနှစ်မှသာ ONE Championship နှင့် လက်တွဲခြင်းဖြစ်ပြီး နှစ်ပွဲထိုးသတ်ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ထွန်းမင်းအောင်သည် မေ ၃၁ ရက်က ပထမဆုံးထိုးသတ်သည့်ပွဲတွင် ရုရှားဖိုက်တာကို အရေးနိမ့်ခဲ့သော်လည်း ဇူလိုင် ၁၂ ရက်က ထိုးသတ်သည့် ဒုတိယပွဲတွင် ဗီယက်နမ်ဖိုက်တာကို တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။ ထွန်းမင်းအောင်နှင့် ထိုးသတ်မည့် ဇာဟီဒီမှာမူ ONE နှင့် ပထမဆုံးပွဲထိုးသတ်ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

ဓာတ်ပုံ-ONE Championship

# ဗိုလ်တထောင်ခရိုင်အတွင်း၌ “မရှိ၍မလင်းသူ မရှိစေရ” အစီအစဉ်ဖြင့် မျက်စိဝေဒနာရှင်များအား ကွင်းဆင်းကုသ



**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ “မရှိ၍မလင်းသူမရှိစေရ” အစီအစဉ်ဖြင့် ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ မျက်စိဝေဒနာရှင်များအား ကုသရေးဦးစီးဌာန ခုတင် ၁၀၀ ဆံ့ အထူးကုဆေးရုံ (သာကေတ) ၌ နိုဝင်ဘာ ၁၈ ရက်မှစတင်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဝင်းဗိုလ်သန်းနှင့်အဖွဲ့က ကွင်းဆင်းကုသပေးသည်။

အဆိုပါ ဆေးကုသမှုပြုလုပ်သည့်နေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ခရိုင်နှင့် မြို့နယ်အသင်းအဖွဲ့များနှင့် ကျန်းမာရေးတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ စုစုပေါင်း ၈၅ ဦးက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ဗိုလ်တထောင်ခရိုင်အတွင်းရှိ ငါးမြို့နယ်မှ မျက်စိဝေဒနာရှင် ၂၈၅ ဦးအား စမ်းသပ်ကုသပေးခဲ့ပြီး ထိုဆေးကုသမှုပြုလုပ်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ လာရောက်၍ မျက်စိဝေဒနာရှင်များအား မျက်စဉ်းဆေးများ၊ မျက်မှန်များ၊ နေ့လယ်စာကြက်ဆီထမင်းနှင့် ရေသန့်ဘူးများ ပေးအပ်လှူဒါန်းခဲ့ပြီး မျက်စိဝေဒနာရှင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**



# ပုသိမ်မြို့၌ ကာကွယ်ဆေးများထိုးနှံပေး

**ပုသိမ် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း အသက်ငါးနှစ်ပြည့်ပြီး အသက်ခုနစ်နှစ်မကျော်သော ကျောင်းသား ကျောင်းသူများအား ဆုံဆို့-မေးခိုင်ကာကွယ်ဆေး(DT)နှင့် အသက်ကိုးနှစ်ပြည့်ပြီး အသက် ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ကျောင်းအခြေပြု ထိုးနှံခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၉ ရက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပုသိမ်မြို့၌ ကျောင်းအခြေပြု ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက နိုဝင်ဘာ ၁၉ ရက်မှစ၍ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖယ်ခုံမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှု အခြေအနေ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကလော နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင်ဖယ်ခုံမြို့နယ်အတွင်း တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် နယ်မြေ တည်ငြိမ်အေးချမ်းမှု အခြေအနေ၊ နေရပ်စွန့်ခွာ၍ တိုက်ပွဲရှောင် ပြည်သူများအား ပြန်လည် နေရာချထားရေး၊ ဝန်ထမ်းများ မိမိတို့ရုံးအလိုက် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးနှင့် စနစ်တကျနေရာချထားနိုင်ရေးအတွက် ယနေ့ နံနက် ၇ နာရီက တာဝန်ရှိသူများကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်မောင်လေးတို့က ဖယ်ခုံမြို့သို့ သွားရောက်၍ ယာယီတိုက်ပွဲရှောင်များနှင့် ရုံးဌာနများကို ပြန်လည် နေရာချထားနိုင်ရေးအတွက် ဖယ်ခုံတပ်နယ်မှူးနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြသည်။

ထို့နောက် မြို့တွင်းနေရာများ လှည့်လည်ကြည့်ရှု စစ်ဆေးကာ တိုက်ပွဲရှောင်နေရာမှ မြို့တွင်း ပြန်လည် ဝင်ရောက်လာသော ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ပြန်လည်နေရာချထားပေးမည့်အစီအမံများ ရှင်းလင်းပြောကြားသည်။

ဖယ်ခုံမြို့နယ် အတွင်း အကြမ်းဖက် သောင်းကျန်းသူများကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ အိမ်ထောင်စု ၃၃၄၈ စု၊ လူဦးရေ ကျား ၇၆၉၄ ဦး၊ မ ၇၉၇၂ ဦး စုစုပေါင်း ၁၅၆၆၆ ဦးခန့်ရှိကြောင်း၊ ယခုအခါ ဖယ်ခုံမြို့မှာ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့များ၏ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ စွန့်ခွာထွက်ပြေးသွားကြပြီဖြစ်သဖြင့် နယ်မြေတည်ငြိမ် အေးချမ်းလာမှုနှင့်အတူ နိုဝင်ဘာ ၂၀ ရက်တွင် ယာယီတိုက်ပွဲရှောင် ၁၈ ဦး ပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်ဆက်)**



# မင်းလှမြို့နယ်၌ ရေကျော်တည်ဆောက်ပြီးစီးမှု အရည်အသွေးစစ်ဆေး

**အထက်မင်းလှ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (ဆင်မတောင်-ညောင်ဝိုင်း)လမ်းပေါ်ရှိ ရေကျော်တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အရည်အသွေး စစ်ဆေးရေးအဖွဲ့က နိုဝင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရေကျော်ပေ ၂၀၀ တည်ဆောက်ပြီးစီးမှုအပေါ် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ရေကျော်ကွန်ကရစ် slab ကို Rebound Hammen Test စစ်ဆေးခြင်းတို့ကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# ကျိုက်လတ်မြို့နယ်၌ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာညီလာခံ အခမ်းအနားကျင်းပ

**ကျိုက်လတ် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် စပ်စုကျေးရွာ၌ မြန်မာသက်ကြီးဖောင်ဒေးရှင်း၏ အဌမအကြိမ်မြောက် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ ညီလာခံကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြန်မာသက်ကြီးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးထွန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားကာ မြန်မာသက်ကြီးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးထွန်းတင်က သက်ကြီးအဖွဲ့၏ ရည်ရွယ်ချက်များနှင့် နောက်ခံသမိုင်းကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Myanmar Aging Network ဥက္ကဋ္ဌ ဒေါ်ခင်ငယ်အောင်က သက်ကြီးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာသက်ကြီးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးရှိန်ဝင်းက မြန်မာသက်ကြီးဖောင်ဒေးရှင်း၏ အစီရင်ခံစာကို ကောက်နုတ်တင်ပြပြီး ဘဏ္ဍာရေးမှူး ဦးစိုးဝင်းက ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကို ရှင်းလင်းပြောကြား၍ မြို့နယ်သက်ကြီးအဖွဲ့ဥက္ကဋ္ဌဦးကျော်ဝင်းကကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာသက်ကြီးဖောင်ဒေးရှင်းဥက္ကဋ္ဌတို့သည် သက်ကြီးဘိုးဘွားများအား ပြုစုစောင့်ရှောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိဒ္ဓိအောင်**




မကွေးမြို့ ရှိ Myanmar CP Livestock အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၈ ရက်က မကွေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ဦးအောင်ချို၏ အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၃၂၈၅၀၀၀ ကျော်ကို တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်စဉ်။

သီဟစည်သူ

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၄၈ မိနစ် ၃၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကျိုက်လတ်မြို့၏ အနောက်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**သတင်းစဉ်**

## ဖခင်အမည်မှန်

ရှမ်း(တောင်)၊ နမ့်စန်မြို့၊ အ.ထ.က(မြို့မ)၊ Grade-6 မှ နန်းလှိုင်စနိုး၏ ဖခင်အမည်မှန်မှာ စိုင်းနလတ(၁၃/ကမန(နိုင်)၁၃၃၂၂၆) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မိုင်းရယ်မြို့၊ ရပ်ကွက်(၁) နေ (ဘ) ဦးအိုက်ကွမ်း၏သမီး မနန်းစံဟွမ်(၁၃/မရတ(နိုင်)၀၁၆၄၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-321003) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၇၆၁၁၁၆၇၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အ.မ.က(၇) မှ မူလတန်းကျောင်းအုပ် ဒေါ်စန်းစန်းမြင့်(၁၃/တကန(နိုင်)၁၅၀၂၂၂)၏ဖခင် ဦးမောင်တင် (ခ) ရှင်ရှောရောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်

ယာဉ်အမှတ် 26W/ 22663. Fino 115 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

က.ည.န

(တောင်ကြီး)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၂)၊ သီရိရတနာလမ်း၊ အိမ်အမှတ်(၁၂)နေ ဒေါ်ခင်စန်းရီ၏သား မောင်ရဲနိုင်ထွန်း (၁၃/တကန(နိုင်)၂၃၉၅၇၈)သည် မိခင်၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဒေါ်ခင်စန်းရီ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/62656, Honda Dream C100MP M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဦး ၁၄/ပပတ(နိုင်) ၂၀၃၄၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး

(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/7961, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသက် ၁၄/လမန(နိုင်)၀၇၇၈၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး

(ဟင်္သာတ)

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် [၃(လင)/၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်) တိုင်းဒေသကြီးအထွေထွေပိုလျှံ ရန်ပုံငွေများဖြင့် ကန့်ဘလူခရိုင်အတွင်း ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - (၄-၁၂-၂၀၂၄)ရက် (ရုံးချိန်အတွင်း)

(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** - (၁၇-၁၂-၂၀၂၄)ရက် ညနေ(၁၆:၀၀)နာရီထိ

(ဂ) **တင်ဒါအာမခံကြေး (PO Cheque) မူရင်းများအား နောက်ဆုံးထား၍တင်သွင်းရမည့်ရက်/အချိန်** - (၁၈-၁၂-၂၀၂၄)ရက် ညနေ(၁၆:၀၀)နာရီထိ

(ဃ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာနှင့်နေ့ရက်** - ထပ်မံကြေညာပါမည်။

(င) **အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့် နေရာနှင့်နေ့ရက်** - ထပ်မံကြေညာပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်း နံပါတ်- ၀၉-၈၈၆၈၂၇၇၉၇သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

(တင်ဒါကော်မတီ)

## အမည်ပေါက်ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊ ဆရာဖြေလမ်း၊ ခြံကွက်အမှတ်(၅-ခ)၊ ဦးပိုင် အမှတ်(၃/၁၁၆-က) ဟုခေါ်အလျား(၃၂)ပေ၊ အနံ(၃၆)ပေရှိ အိမ်ခြံမြေနှင့်အိမ်(၄x၄) သည် ဒေါ်အေးသန်းဦး ၇/တငန(နိုင်)၀၆၉၉၅၆ အမည်ပေါက်ဖြင့် တစ်ဦးတည်းသာ ပိုင်ဆိုင်ပါသည်။ ယခုအိမ်ခြံမြေနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက အိမ်ခြံမြေပိုင်ရှင် ဒေါ်အေးသန်းဦးမှ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဒေါ်အေးသန်းဦး**

**၇/တငန(နိုင်)၀၆၉၉၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၄၅) ဘုတ်ချောင်းကွင်း၊ မြေကွက်အမှတ်(၅၃)၊ မြေရီယာ (၀ဒသမ၉၅)ဧကအား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၀-၃-၂၀၁၅)ရက်စွဲပါစာအမှတ် ၁၀၈/၄/၁-၁၂/ဦး ၁ အရ ဒေါ်မြင့်အေးအမည်ဖြင့် မွေးမြူရေးဇုန် မြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်မြင့်အေး ၆/မအရ(နိုင်)၀၂၉၃၁၇မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၄၅) ဘုတ်ချောင်းကွင်း၊ မြေကွက်အမှတ်(၅၉)၊ မြေရီယာ (၀ဒသမ၇၆)ဧကအား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၃၀-၃-၂၀၁၅)ရက်စွဲပါစာအမှတ် ၁၀၅/၄/၁-၁၂/ဦး ၁ အရ ဦးရဲနိုင်လွင် အမည်ဖြင့် မွေးမြူရေးဇုန် မြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဦးရဲနိုင်လွင် ၆/မအရ(နိုင်)၁၀၅၅၉၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ သစ္စာလမ်း၊ မြေကွက်အမှတ်(၉၃၅)၊ မြေပေအကျယ် (၄၀x၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်မည့်(၁)ခန်းတည်း(၈)ထပ် RC အဆောက်အအုံမှ ကန်ထရိုက်တာ ဦးမြင့်အောင် ၁၂/အစန(နိုင်)၀၇၉၅၁၀ အကျိုးခံစားခွင့်ရှိသည့် တတိယထပ်(၄-လွှာ)၊ အခန်းအကျယ်အဝန်း (၃၄x၅၄)ပေ၊ အမြင့်(၁၀ ၁/၂)ပေရှိ ကြို့ပို့င့်ကွန်ဒိုတိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ကန်ထရိုက်တာမှ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊၀၉-၇၉၆၆၀၀၂၁၇**

